
mgyoe.com

# ပီ-မိုးနှင်း

## ဝတ္ထုပြဒေသာအမှတ်-၁



mgyoe.com

# ပီ-မိုးနင်း

## ဝတ္ထုပဒေသာအမှတ်-၁



### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း ရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com



# ပီ–မိုးနှင်း

# ဝတ္ထုပြဒေသာအံမှတ်–၁

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ
ဒုတိယအကြိမ်

mgyoe.com

mgyoe.com

စကားလုံးအသုံးအနှုန်း လွယ်လွယ်နှင့်
လိုရင်းကို ထိထိမိမိရေးနိုင်သော
ကွယ်လွန်သူ ဆရာကြီး ပီ-မိုးနင်း၏
ပြောင်မြောက်သော အရေးအသားကို
ဖတ်ရှု လေ့လာ မှတ်သား ခံစားဖွယ်
ဝတ္ထုတိုများ။

ပီမိုးနင်း ဝတ္ထုပဒေသာ အမှတ်-၁

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၂၅၀၆၀၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၈၀၆၀၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို (ပန်းချီအောင်ကျော်)ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ ဖေဖော်ဝါရီလ-
တွင် တန်ဖိုး 750 K ဖြန့်ချိသည်။
(ပထမအကြိမ် အုပ်တိုက်၊ ၁၉၆၂၊ ဒီဇင်ဘာ)

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အရက်ဖြတ်ဆေး | ၁ |
| ၂။ | ပိုးဖဲထီး | ၁၃ |
| ၃။ | စကားတစ်လုံး | ၂၄ |
| ၄။ | ခြူးနားမွှောင်း | ၃၃ |
| ၅။ | သူ့အဖေ့အသံ | ၄၁ |
| ၆။ | တစ္ဆေပုံ | ၅၁ |
| ၇။ | ဆီသည် | ၅၈ |
| ၈။ | ရဟာန်းလူထွက် | ၆၉ |
| ၉။ | ယောက်ျားအံမှုန် | ၇၈ |
| ၁၀။ | အချိန်တန် နွားပိန်ကန် | ၈၈ |
| ၁၁။ | အမြီးနဲ့ဂဏန်း | ၁၀၁ |
| ၁၂။ | ယောက်ျားတံခွန် | ၁၁၄ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အရက်ဖြတ်ဆေး

သာယာနုပျို စိမ်းစိုသော မိုးဥတု ညနေချမ်းအချိန်သည် ဘိုးလင်းအတွက် ဘီယာချိန်ဖြစ်လေ၏။

သို့ဖြစ်သောကြောင့် ရန်ကုန်မြို့သို့ ကြည့်မြင်တိုင်ဘက်မှ လာသော ဘတ်စ်ကားတွင် ဘီယာရှိန်နှင့် ဘတ်စ်ကား၏ ပြင်းထန်စွာသွားသောအရှိန် ရောစပ်ကာ ဆေးပြင်းလိပ်ကိုခဲလျက် တစ်ယောက်တည်းသော ခရီးသည်အဖြစ်နှင့် လိုက်ပါလာသော ဘိုးလင်း၏စိတ်မှာ လောကဓာတ်ကြီး တစ်မျိုးလင်းသဖြင့် ထိုးထွင်းသောဉာဏ်တွေ ပေါ်ပေါက်လျက် စိတ်လက်သာယာစွာ များစွာကြည်နူးခြင်း ဖြစ်လေ၏။

'ရန်ကုန်၊ ပုဇွန်တောင်၊ ရေကျော်'ဟု တကြော်ကြော် အော်ခေါ်ဟစ်ကြွေးသော 'စပယ်ယာ'ကလေး၏ အသံကိုမှ နားမညည်းဘဲ ဂီတသံ ထင်မှတ်လေ၏။ လမ်း၌ လူသွားလူလာ မများသဖြင့် တက်သူတစ်ယောက်မျှ မရှိသဖြင့် ဘတ်စ်ကားကြီး စိတ်ဆိုးကာ တစ်လမ်းလုံးရှူးတူးရှားတား ဖြစ်၍လာသည်နှင့် တူလေသတည်း။

mgyoe.com

mgyoe.com

ဘိုးလင်းသည် လွတ်လပ်သော ပန်းချီဆရာ နာမည်ကျော်တစ်ယောက် ဖြစ်လေ၏။ အလုပ်တွင်သလောက် ငွေပေါ်မျာ၏။ သို့သော်လည်း ဘိုးလင်းဟူသော နာမည်နှင့်မလိုက်အောင် ဘဝီယာသောက်သဖြင့် အဘယ်အခါမှ မလင်းလှချေ။

သို့မလင်းခြင်းမှာလည်း အခြားကြောင့်မဟုတ်၊ လင်းသည့်အခါ၌ ရေးသောကားများမှာ များစွာ မလင်း၊ မလင်းသည့်အခါ၌ ရေးသောကားများက ပိုမို၍လင်းခြင်းကြောင့် မလင်းခြင်းသည် ဘိုးလင်းအတွက် မကင်းရာမကင်းသာသော အခြေအနေတစ်ခု ဖြစ်၍နေလေသတည်း။

သို့သော်လည်း မမူးရသည့်အခါ မမူးရသောကြောင့် အလုပ်မလုပ်နိုင်၊ မူးသည့်အခါ မူးသောကြောင့် အလုပ်ကို မကိုင်ချင်သဖြင့် ငွေဝင်ဖင့်နှေး ခပ်အေးအေးရှိရာ၌ ထို ဝင်သမျှသောငွေများမှာ ဘဝီယာတွင်မြှုပ်နှံရသောကြောင့် ရန်ကုန်မြို့၌ အနေမဖြောင့်ဖြစ်လေရာ ကြည့်မြင်တိုင်မြို့ ဈေးကလေးရပ်တွင် မထင်ရှားသော တိုက်ခန်းကလေးကို အဖိုးသက်သာစွာနှင့် ငှားပြီး တစ်ကိုယ်တည်း နေရှာလေ၏။

ငွေကြေးမရသည့်အခါ ပထမ သတိရသောအရာသည် တရုတ်ဆိုင်သို့ သွားရန် ဖြစ်၏။ ဝတ်ရေး၊ စားရေး ခုံညားလှပရေးအတွက် မိမိကိုယ်ကို ဆင်ယင်ကွပ်သရန် တစ်စုံတစ်ရာဝယ်ဖို့ သတိမရ၊ ကျားပါးစပ်ဖိနပ်တစ်ရန် စုတ်၍ပြတ်မှ တစ်ရန်ကို မချိုသောစိတ်နှင့် စွန့်စားကာ ဝယ်ရ၏။ ရှပ်အင်္ကျီဖြူဖြူ တစ်ဒါဇင်နှင့် အပေါ်ဝတ်အင်္ကျီ အနက်တစ်ထည်သာ ရှိ၏။ လုံချည်မှာ မည်းပြာဖြစ်လေရာ ပောဟိုတစ်ထည်၊ ဒီတစ်ထည်၊ ဖာထဲကတစ်ထည်၊ ဒင်းတစ်ထည်ဆိုသောစကားလို ဒီတစ်ထည်နှင့် ဟိုတစ်ထည်သာရှိလေရာ အိမ်ကိုသော့မခတ်ဘဲ ယောင်း လောင်းပုစ်၍ထားပြီး သွားချင်ရာကိုသွားစေကာမူ နောက်ဆံမတင်း၊ ပူပင်ခြင်းမရှိချေ။

နောက်ဆံမတင်းခြင်းမှာလည်း အသက်သုံးဆယ်ကျော် ဘိုကော ဖြစ်သောကြောင့် ဆံပင်မှာ တိုတိုတောက်တောက် စပါးရိုးပြတ်လို

mgyoe.com

mgyoe.com

ပေါက်၍နေသောကြောင့် ဖြစ်လေ၏။ သို့ပင် ပစ်စုတ်တောရနေသော် လည်း လူရည်လူသွေးက အတော်ကလေးသားနားသဖြင့် မဝတ်မစား မကြွားမဝံ့သော်လည်း တင့်တင့်တယ်တယ်အသွင်ရှိလေ၏။

အချို့သောမိတ်ဆွေများက မောင်ဘိုးလင်းအား မိန်းမယူပြီး တည်တည်ကျကျနေလျှင် အသောက်အစားလျော့ပြီး ကြီးပွားလိမ့်မည် ဟု ပြောကြ၏။ ဘိုးလင်းကမူကား မိန်းမများကို သနားသောကြောင့် မယူဘဲနေသည်၊ မိမိကိုယူသောမိန်းမဟာ ကံဆိုးလို့ပဲဟု ပြောလေ့ရှိ ၏ ။

ထိုမှတစ်ပါးလည်း အဟုတ်တကယ် သဲသဲမဲမဲ ပန်းချီဆရာစွဲမက် လောက်သော မိန်းမတစ်ယောက်ကိုမျှလည်း မတွေ့ခဲ့ဖူးချေ။

ထိုနေ့သည်ကား ထူးခြားသောနေ့ဖြစ်၏။ ဘတ်စ်ကားသည် အလုံရပ်ထဲသို့ ကွေ့ဝင်ပြီး ဓာတ်ရထားလမ်းဘက်သို့ လှည့်၍တက် တော့မည့်နေရာ၌ ဘိုးလင်း၏ဘဝတွင် ကြီးစွာပြောင်းလဲခြင်းကိုဖြစ်စေ သော အခြင်းအရာတစ်ခုသည် ဖြစ်ပွားပေါ်ပေါက် မိုးပေါက်ကာ ပွင့်၍ ကျသလို ကြုံလာခြင်းသည်ကား "လာပါခင်ဗျာ၊ တက်ပါ"ဟု စပယ် ယာကလေးအခေါ်တွင် အပြင်သို့လှမ်း၍ကြည့်လိုက်ရာ ပန်းချီဆရာ၏ မျက်လုံးများကို ပြူးခနဲဖြစ်အောင်လုပ်လိုက်သော သဏ္ဌာန်တစ်ခု ဖြစ် လေသတည်း။

ထိုသဏ္ဌာန်သည်ကား ပိုးဖဲထီးကလေးကိုပိတ်ကာ ရွှေရောင်၊ မြရောင်ရောစပ်သော သင်လက်စွဲအိတ်ကလေးကို ကိုင်လျက် လှမ်း၍ တက်လာသော ပိန်ပိန်းပါးပါး ဝင်းဝင်းထင်းထင်းပြသည့် အဆင်းလှ သူကလေးတစ်ယောက် ဖြစ်လေသတည်း။

ဘိုးလင်းသည်ကား နောက်မြီးထောင့်၌ ထိုင်လျက်ရှိရာ ထိုမိန်းမ ပျိုသည် မနီးမဝေး အလယ်မကျတကျနေရာ၌ ထိုင်လေ၏။ ဝဘ်ပုံကားပုံ မှာ ရိုး၏။ ဆံထုံးမှာ မကြီးလှလွန်းဘဲ ကာလဆန်၏။ ပဒုမ္မာအကျီမှာ ရှန်သားလို မပါး၊ ဇာနားကြောင့် ခပ်ဖားဖားခပ်ပျော့ပျော့ကလေး ဖြစ်

mgyoe.com

mgyoe.com

၏။ ထဘီမှာ ပိုမဲတောင်တာရောင် တောက်ပြောင်မှိုင်းလျှပ်လျက် ဖြူစင်ရှည်လျားသော ခြေခုံခြေချောင်းကလေးများကို အုပ်လုခမန်း ဖြစ်၏။

ဖိနပ်မှာကွင်းထိုးသားရေဖိနပ်ရိုးရိုးကလေးဖြစ်လေရာ လက်မှာ လက်ကောက်မရှိ၊ လက်ပတ်နာရီကလေးတစ်ခုသာရှိ၏။ ဆင်ခြေလျှော ဆံထုံးရှိ နှင်းပန်းနှင့်တူသော ဆွတ်ဆွတ်ဖြူသည့် ပန်းကလေး နှစ်ပွင့်မှာ ထိုသူငယ်မလေးနှင့် လွန်စွာတူလေ၏။

ဘိုးလင်းသည် ၎င်းကို အမှတ်တမဲ့ကြည့်ကာ ကျောင်းဆရာမကလေးမဟုတ်တန်ရာ၊ ဆင်းရဲသော စာရေးမကလေး ဖြစ်ရှာပေလိမ့်မည်ဟု ဆင်ခြင်လေ၏။ ထိုသို့ဆင်ခြင်ခိုက်တွင် ဘိုးလင်း၏နှလုံးသည် ရှေးအခါက မကြုံဖူးသော နည်းမျိုးဖြင့် လှုပ်ရှားလျက်နေသည်ကို သိရလေသတည်း။

သူငယ်မကလေးသည်လည်း ၎င်းကို တစ်ခါတစ်ခါ ကြည့်၏။ ထိုသူငယ်မမှာ မငယ်လွန်းလှချေ၊ အသက်နှစ်ဆယ်ကျော် အစိတ်ခန့်မှန်းဆရလေ၏။

ကားထဲ၌ နှစ်ယောက်တည်းရှိသဖြင့် ဘိုးလင်းသည် နှုတ်ခွန်းစချင်သော်လည်း ပါးစပ်ကိုဟကက ဘီယာနံ့ပြမှာစိုးသောကြောင့် မစဝံ့ဘဲနေလေ၏။

ရန်ကုန်ဘက်သို့ ရောက်သောအခါ ကုလားတစ်စုတက်၍လာသဖြင့် သူငယ်မသည် နောက်စွန်းထောင့်သို့ ကပ်လိုက်ရာ ဘိုးလင်းနှင့် ရင်ဆိုင်ဖြစ်၍ နေလေ၏။

အတန်ငယ်ကြာသောအခါ မိန်းမပျိုသည် နှာခေါင်းကိုလက်ကိုင်ပုဝါနှင့် တစ်ခါနှစ်ခါတို့ကာပိတ်လျက် နှာခေါင်းရှုံ့သဖြင့် ဘိုးလင်းသည် မိမိ၏ဘီယာကိုမသက်ာဘဲ ဆေးပြင်းလိပ်ကိုအတွင်းဖွာရလေသတည်း။

"ကုလားတွေက အရက်စော်နံ့လိုက်တာ"

ဟု မိန်းမပျိုက ပြောလိုက်သောအခါ ဘိုးလင်းကပါ ပါးစပ်မဟ

mgyoe.com

mgyoe.com

ဘဲ ဟုတ်မှာပဲဟူသော အခိပ္ပာယ်ရောက်သည့် အမူအရာကို ဦးခေါင်းလှုပ်ကာ မျက်နှာဖြင့်သာ ပြရလေ၏။

သို့ပြောချင်ရက်ရက် မပြောဝံ့ဘဲ ဆိတ်ဆိတ်စွာလာရာ တစ်ခါတစ်ခါ မျက်လုံးချင်း ဆိုင်မိရုံမျှနှင့် ပုဇွန်တောင်ဘက်သို့ရောက်လေရာ မိန်းမပျို အဆင်းတွင် ခြေချော်ရာကျတော့မလို ဖြစ်သောကြောင့် လက်မောင်းကို ကိုင်မကာ ထိန်း၍ပေးလိုက်ရလေရာ နူးညံ့ပျော့ပျောင်း ဖော့ရပ်ပမာ တွေ့ထိခံစားရသည်မှာ ထိုညဥ့်အိပ်ရာဝင်၍ စိတ်ထဲတွင် ဖျောက်ဖျက်၍ မရ၊ အိပ်ပျော်သောအခါ၌ပင် ကတောက်ကတက်တွေကိုလျှောက်ပြီး မက်၍နေလေသတည်း။

နောက်တစ်နေ့ အိမ်မှထွက်တော့မည်ရှိရာ အဝတ်လဲမည်အပြုတွင် ဟိုတစ်ထည်နှင့် ဒီတစ်ထည်သာရှိသည်ကို သတိရပြီး ဝမ်းနည်းခြင်း ဖြစ်လေ၏။ "ဟိုဟာမကလေးကလည်း မျက်လုံးထဲကမထွက်၊ ငါအခုလိုဆက်ပြီး ဘီယာကိုမက်၍နေက စုတ်သည်ထက်စုတ်တော့မှာ ပါကလား၊ မတော်တဆ သင်းကလေးနဲ့ ထပ်မံ၍တွေ့ရလျှင် အရက်နံ့က တထောင်းထောင်းထ၊ ဝတ်စားတန်ဆာက စုတ်လှစွာမို့ အဟုတ်ပင် ခွတိုက်တော့မှာပါတကား၊ မတတ်နိုင်ပါဘူးလေ၊ နောင်လည်းထပ်ပြီး တွေ့ချင်မှတွေ့ရမှာပဲ၊ ငါမသောက်ဘဲနေလို့လည်း သူက ငါ့ကို ကြိုက်ချင်မှကြိုက်မှာ၊ ဘယ်လိုပင် နာမည်ကျော်စေကာမူ ငါလိုပန်းချီဆရာကို အလေးဂရုပြုချင်မှပြုမှာပဲ" ဟု အောက်မေ့ပြီး ထင်းရှူးသေတ္တာထဲက ဘီယာတစ်လုံးကိုထုတ်ကာ ဖောက်၍သောက်ပြီး မနေ့က အချိန်လောက်တွင် ရန်ကုန်သို့ ဘတ်စ်ကားစောင့်ရန် ဟမ်းလမ်းဘက်သို့ ထွက်သွားလေသတည်း။

ကံအားလျော်စွာ မနေ့ကနေရာသို့ ရောက်သောအခါ ထိုသူငယ်မကလေးသည် မနေ့ကနေရာသို့အရောက်တွင် မနေ့ကစတိုင်မျိုးနှင့် တက်ရောက်၍လာပြန်လေရာ နှစ်ယောက်သား မျက်နှာချင်းဆိုင်မိကြ

mgyoe.com

mgyoe.com

ပြန်လျှင် မိန်းကလေး၏ မျက်နှာ၌ မှတ်မိသောအသွင် ပေါ်လာသည်ကို တွေ့မြင်ရလေ၏။

သို့သော်လည်း မနေ့ကနည်းတူပင် ပါးစပ်မဟဝံ့ဘဲသာ နေရလေ၏။ ဘိုးလင်း၏ နှလုံးသွေးသည်ကား မနေ့ကထက် ပိုမိုပြင်းထန်စွာ ခုန်ကြွလှုပ်ရှား၍ လာလေ၏။

ထိုညဉ့်၌ မျက်လုံးသည်တို့၏ ကျယ်၏၊ အိပ်မက်တွေ တိုး၍ များ၏၊ မိန်းမပျိုကလေး၏မျက်နှာသည် ခာတ်မီးပမာ ဝင်းဝင်းတောက်ပေါ်၍ နေလေ၏။ "ငါအသောက်ကိုဖြတ်မှတော်မည်၊ မတော်တဆနောက်တစ်ခါတွေ့ရင် ဘယ့်နှယ်လုပ်ပါ့မလဲ၊ ဖိနပ်ကလည်း အဖာတွေများလှသဖြင့် သူ့ရှေ့မှာ ဖိနပ်ပေါ်မှာစိုးသောကြောင့် ခြေကိုမျှ စတိုင်ကျအောင် မထားရပါကလား၊ အခုနှစ်ခါရှိပြီ၊ ဒီအဝတ်၊ ဒီခေါင်းပေါင်း၊ ဒီဖိနပ်စုတ်၊ ဒီပါးစပ်ပုပ်နဲ့မို့ တုတ်တုတ်မျှမလှုပ်၊ တဇ္ဈေရုပ်ပမာ ငုတ်တုတ်သာ ငါနေခဲ့ရပါကလား" ဟု သန်းခေါင်ကျော် လင်းအားကြီးမှာ စိတ်အကြံရလေ၏။

နံနက်မိုးလင်းသောအခါ၌လည်း ထိုစိတ်အတိုင်း တင်းကျာမသောက်ဘဲနေ၏။ "တစ်နေ့ ငါးကျပ်သက်သာလျှင် ငါ့အခုထက်ပြောင်လက်ပြီးလာမှာပဲ" ဟု အားခဲလေ၏။

သို့အားခဲရာ ညနေစောင်းလတ်သောအခါ မြစ်ဘက်က လေပြည်ကလေးအလာတွင် စိတ်တစ်မျိုးပြောင်းပြီးလျှင် သူငယ်မကလေးကို ထင်မြင်ရာ၌ ဘီယာပုလင်းပေါ်၍လာလေရာ အားအစွမ်းရှိသမျှနှင့် တွန်းလှန်လေ၏။

သို့တွန်းလှန်ရင်း "ဟင်... တွေ့ချင်မှ တွေ့မှာပဲ၊ တွေ့လို့ကောနေရာကျချင်မှ ကျမှာ၊ သူ့မှာ ရည်းစားနဲ့လား၊ လင်နဲ့လားဆိုတာ သိရတာလည်းမဟုတ်၊ ယုန်သေစွန့်လို့ ယုန်ရှင်ကို ရချင်မှရမှာ၊ သောက်တာပဲ အေးပါတယ်" ဟု တွေးကာ ကျန်ရှိသော ဘီယာနှစ်လုံးကို

mgyoe.com

mgyoe.com
နာရီဝက်အတွင်း အကုန်ပြီးစေပြီးနောက် မနေ့ကအချိန်သို့အရောက်မှာ ရန်ကုန် သွားချင်စိတ်ပေါက်၍ လာပြန်လေ၏။

မကြာမီ ဘတ်စ်ကားပေါ်သို့ရောက်ပြီး အလုံကအထွက်မှာ စိတ်နောက်အောင်ပြုသော မိန်းမပျိုကလေးတက်၍ လာပြန်လေရာ ယမန်ကကဲ့သို့ပင် တစ်ယောက်ကိုတစ်ယောက်မြင်ပြီး မှတ်မိသောအသွင်ကိုသာ ပြရလေ၏။ ဘိုးလင်းသည် စုတ်ပြတ်၊ ဆောင်းရွဲ့သော ဖိနပ်ကို မမြင်အောင်ဝှက်ကာ လုံချည်ကိုဖားဖားထားပြီး ဖုံးအုပ်ရလေ၏။

မိန်းမပျို၏ မျက်လုံးများနှင့် မိမိ၏ မျက်လုံးများ မကြာမကြာ ဆိုင်မိကြ၏။ စကားကိုမူကား မပြောဝံ့ကြချေ။ ကြွေရရသော နေရရှာလေသတည်း။

ထိုညဉ့်၌ ဘိုးလင်းမှာ တိုးပြီးအပြင်းဖမ်း၏။ မိုးလင်းသည့်တိုင်အောင် ထင်ယောင်မြင်ယောင်၍နေ၏။ "ငါနဲ့တွေ့ချင်လို့ ညနေတိုင်း ဘတ်စ်ကားစောင့်ပြီး စီးနေတာလား"ဟုတွေးပြီး "မဟုတ်ပါဘူး ဘိုးလင်းရယ်၊ နင့်ကိုယ်ကို နင်ဒီလောက်တောင် မထင်စမ်းပါနဲ့၊ သူ့ဘာသာသူ ကိစ္စနဲ့သွားတာ ထင်ပါတယ်" ဟုတွေးကာ ဖျောက်ဖျက်၏။ ဖျောက်သော်လည်း မပျောက်နိုင်ချေ။

နောက်တစ်နေ့ အနိုင်နိုင် စိတ်ကိုတင်းပြီး သောက်ခြင်းကို ရပ်လေ၏။ ရရှိသော ငွေကလေးများနှင့် ဖိနပ်အသစ်တစ်ရန်ကို ဝယ်၏။ လက်ထဲ၌ ငွေ ၂၅–ကျပ် ကျန်ရာ စတိုးကိုသွားပြီး ဘီယာကိုဝယ်ရကောင်းမလားဟု စဉ်းစားပြီး စိတ်ကိုတင်းကာ ငြင်းဆန်ပြီးလျှင် ခေါင်းပေါင်းအသစ်၊ ရှပ်အင်္ကျီ "ဖန်စီ"သုံးထည်၊ လုံချည်အသစ်တစ်ထည် ဝယ်၏။ ထိုနေ့ညနေ ဝင်းဝင်းပြောင်ပြောင် စတိုင်ထောင်ထောင်နှင့် သွားလေ၏။

အလုံဘက်သို့ရောက်သောအခါ ရင်ထဲမှာ တထိတ်ထိတ်ဖြစ်၍ နေ၏။ လာမှလာပါ့မလားဟု စိုးရိမ်၏။ အလုံက ထွက်ခါနီး၌ တောင်မြောက်လေးပါးကိုကြည့်ရာ မိန်းမပျို မပေါ်လာသဖြင့် အားပျော့၍

mgyoe.com

သွားလေ၏။ ရန်ကုန်သို့ရောက်သောအခါ သူငယ်ချင်းတစ်ယောက်ထံ သွားပြီး လုံချည်၊ အင်္ကျီတစ်ပတ်နွမ်းများကိုငှားပြီး မိမိ၏ အဝတ်သစ်များကို အပေါင်ဆိုင်သို့ပို့ကာ အရက်ဆိုင်သို့ ပြေးပြီးတစ်နေ့မျှ ကွဲကွာနေခဲ့သော ဘီယာကို မြိန်ရှက်စွာ သောက်ရရှာလေသတည်း။

နောက်တစ်နေ့ ငွေပြတ်သဖြင့် အလုပ်ကို ကြိုးစား၍လုပ်ရာ တစ်လကျော်ကျော် ကြွေးတင်၍နေသော ပုံတူအလုပ်တစ်ခုကို အပြီးလုပ်ပြီး ပုဇွန်တောင်ရှိ ပွဲစားကြီးဦးဘိုးညွှာ၏ အိမ်သို့သွား၍ပေးလေရာ ထိုအိမ်၌ ချိတ်ဆွဲထားသော ဓာတ်ပုံတစ်ခုကို မြင်ရလျှင် အံ့အားသင့်ကာ စိုက်၍ကြည့်နေပြီး...

"မည်သူ၏ပုံလဲ"

ဟုမေးရာ ပွဲစားကြီးက ...

"ကျုပ်သမီးကို အင်္ဂလိပ်စာသင်ပေးတဲ့ သူငယ်မပဲ၊ အလုံက ညဘက်မှာ လာလာပြီး သင်ပေးရှာတယ်၊ တစ်လ ၅၀ိ–. ပေးရတယ်"

"နေ့တိုင်းပဲလား"

"စနေ၊ တနင်္ဂနွေကလွဲရင် နေ့တိုင်းပဲ"

ထိုအခါ ဘိုးလင်းသည် မတွေ့ရသောရက်ကို ပြန်၍တွက်ကြည့်ရာ စနေနေ့ဖြစ်သည်ကို သိရလေ၏။ ထိုအခါ ပွဲစားကြီး၏ ပုံတူရေးခငွေငါးဆယ်နှင့် မိမိပေါင်နှံထားသော အဝတ်များကို ပြန်၍ရွေးပြီး ဖဲထီးအသစ်တစ်လက်၊ မိုးကာတစ်ထည်၊ "ဖန်စီ"ခြေအိတ်တစ်စုံနှင့် ရှူးဖိနပ်တစ်ရန်၊ လက်ကိုင်ပဝါတစ်ဒါဇင်ကိုဝယ်၍ နည်းနည်းပါးပါးကလေး သောက်ပါဦးမယ်လေဟု အောက်မေ့ကာ ဆိုင်သို့သွားလေရာ နည်းနည်းမှ အဖော်များနှင့်တွေ့၍ များပြီးအဘယ်နည်းဖြင့် အိမ်ကို ပြန်ရောက်မှန်းမသိ၊ နံနက်မိုးလင်းသောအခါ ငွေလည်းတစ်ပြားမှ မကျန်၊ ညကဝယ်လာသော ပစ္စည်းများလည်း အိမ်သို့မပါ၊ ပျောက်ဆုံးစွန့်ခွာ၍သွားကြပြီး ခေါင်းခဲသောရောဂါသာ ကျန်၍နေသဖြင့် များစွာ

mgyoe.com

mgyoe.com
စိတ်ညစ်လျက် အသိမိတ်ဆွေများထံမှ ငွေချေးပြီး ဘီယာကို ဆက်လက်လောက်ရလေ၏။

ညနေချိန် ရန်ကုန်သို့အသွားမှာ သူငယ်မကလေးနှင့် ဘတ်စ်ကားပေါ်၌ တွေ့ရလေ၏။ သို့သော်လည်း စကားမပြောဝံ့ဘဲ ဆိတ်ငြိမ်စွာ သွားရလေ၏။ ထိုအခါတွင် မိတ်ဆွေတစ်ယောက်က ၎င်းကိုမြင်သဖြင့်...

"ကိုဘိုးလင်း ဘယ်ကိုလဲ"

ဟုမေးရာ သူငယ်မကလေးက အံ့အားသင့်လျက် ၎င်းကိုကြည့်ပြီး

"ရှင်... ပွဲစားကြီးဦးဘိုးညွှာပုံကိုရေးတဲ့ ကိုဘိုးလင်းလား"

ဟုမေး၏။

ဘိုးလင်းသည် ပြုံးလျက်ခေါင်းညိတ်၏။ မေးသောမိတ်ဆွေဘက်ကိုလည်း လှည့်ပြီးပါးစပ်ကိုလက်ကာလျက် မေးငေါ့ကာ...

"အရှေ့ကိုပဲ"

ဟုပြောလိုက်လေ၏။ အဝတ်အစားမှာမူ အတော်ကလေးကောင်းသဖြင့် ဖိနပ်မှာလည်း ပထမဝယ်သော အသစ်ဖြစ်သောကြောင့် စတိုင်ကျကျ ထိုင်ရလေ၏။

မိန်းမပျိုကလေးသည်ကား အသွင်ပြောင်းခြင်းကို အကဲခတ်ကာ ကြည့်လေရာ ဘိုးလင်းမှာ ရုတ်တရက် အဝတ်အစား ပြောင်းလဲခြင်း၌ စိတ်မလုံသောကြောင့် မိမိဘာသာ အခြားဘက်သို့လှည့်ကာ ပြုံး၍နေလေ၏။ မိန်းမပျိုကလေးမှာ ခါတိုင်းထက် ရွှင်ပျသောအမူအရာရှိသည်ကို သိရလေသတည်း။

"ရှင့်နာမည်တော့ ကျော်ပါရဲ့၊ အင်မတန်သောက်တယ်ဆို"

ဘိုးလင်းသည် ပါးစပ်မဟဘဲပြုံးလျက် စကားပြောချင်သလိုလို လုပ်၍နေ၏။ နောက်တစ်နေ့ တွေ့သောအခါ ဘိုးလင်းမှာ အရက်ကို သောက်၍မလာသဖြင့် ရဲရဲရင့်ရင့်စကားပြောလေရာ အသိဖြစ်၍သွားလေ၏။
mgyoe.com

mgyoe.com

"နာမည်ကျော်တဲ့လူ နည်းနည်းပါပါးသောက်တော့ သောက်တာပါရောပြီး ကျော်တာပါဗျာ၊ လွန်အားကြီးလို့တော့ မဟုတ်ပါဘူး၊ ဒီအပေါ်မှာ တစ်ယောက်တည်းဆိုတော့ အထိန်းမရှိတဲ့ ချည်ခင်လိုဖြစ်နေတာပဲ"

သူငယ်မကလေးသည် စကားပြန်၍မပြောဘဲ နေလေ၏။ ဘိုးလင်းသည် တစ်နေ့ထက်တစ်နေ့ အချစ်တန်ခိုးဖြင့် ကြိုးစား၍ဖြတ်လေရာ အရက်ကို လုံးလုံးမသောက်ဘဲ နေနိုင်၍လာလေ၏။ တစ်နေ့ထက်တစ်နေ့ သူငယ်မကလေးနှင့် အကျွမ်းဝင်၍လာလေ၏။

"ရှင့် ဘာဖြစ်လို့ ဒီကားမှာချည်း လိုက်သလဲ"

"မင်းသွားနေကျအချိန်ကို တမင်မှန်းလာလို့ပေါ့၊ ပြန်တဲ့အချိန်ကိုတောင် မသိလို့နေရတာပါ။ မင်းမရိပ်မိဘူးလား"

"ကျွန်မ မသင်္ကာလို့မေးတာပေါ့၊ ကျွန်မ ရိပ်မိပါတယ်၊ နို့ပေမဲ့ ရှင်က အရက်သောက်တဲ့လူမို့ ကျွန်မက..."

"မင်းနဲ့တွေ့ကတည်းက မသောက်တော့ပါဘူး"

"ယုံရမှာလားရှင်၊ တကယ်ပဲလား"

"အချစ်ဆိုတာ အင်မတန် တန်ခိုးကြီးပါတယ်၊ မင်းလည်း ငါ့ကိုမြင်ကတည်းက မုန်းတဲ့လက္ခဏာမရှိဘူးလို့ သိရတာနဲ့ ဒီလိုအချောအလှ မိန်းမပြတ်ကလေးနဲ့တန်အောင် ငါ့ကိုယ်ကို ဘယ်လိုလုပ်မယ်ဆိုတာ စိတ်တင်းပြီး အရက်ကိုဖြတ်တာပဲ၊ ဒါ မင်းရဲ့ကျေးဇူးမို့"

"ကျေးဇူးရှင်မို့ ကျေးဇူးဆပ်ချင်သလား"

"ဩော်ဒီလိုပါ...အင်း...ဟုတ်ကဲ့ ဆိုပါတော့လေ၊ သွယ်ဝိုက်နေလို့ အကျိုးမရှိပါဘူး၊ အသိသားနဲ့ မေးတာကိုး..."

"ရှင့်ပါးစပ်က ပြောရုံနဲ့ ကျွန်မ မယုံနိုင်ဘူး၊ နောင်နှစ်ခါ ဒီအချိန်ကျလို့ ရှင်တကယ်အရက်ပြတ်ကြောင်း သိရရင် ရှင့်အလိုပြည့်စုံပါလိမ့်မယ်၊ ဟောဒီပန်းကလေးဟာ... ကျွန်မ ပြောတဲ့စကားရဲ့ သက်သေပါပဲ"

mgyoe.com

mgyoe.com

ဟုပြောပြီး ဦးခေါင်း၌ရှိသော စံပယ်ပန်းခက်ကလေးကို နုတ်ယူ၍ ပေးလေ၏။

ဘိုးလင်းသည် ထိုပန်းကလေးကို နမ်းပြီးသားရေအိတ်ထဲသို့ ထည့်ကာ နှလုံးသားနှင့်အနီးဆုံးသော ရှပ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။

"ရှင် အရက်သောက်ချင်တဲ့ အခါတိုင်း ဒီပန်းကလေးကိုကြည့်ပါ၊ ပန်းသခင်ရှိတယ်လို့ အမြဲအောက်မေ့ပါ၊ ဒီအတွင်းမှာ ကျွန်မနဲ့တွေ့ဖို့ မကြံစည်ပါနဲ့"

ဟုပြောပြီး ဆင်း၍သွားလေ၏။ ထိုနေ့မှစ၍ ဘိုးလင်းသည် မိန်းမပျိုကလေးကို မတွေ့ရတော့ဘဲ နေလေသတည်း။

❋

ဆယ့်နှစ်လကျော်၍သွားလေ၏။ ရန်ကုန်မြို့ ပန်းချီကျော်ဦးဘိုးလင်းသည် ခမ်းနားဆိတ်ငြိမ်သော စတူဒီယိုကြီး၌ ချိတ်ဆွဲ၍ထားသော မိမိစိတ်ကူးနှင့် ရေးထားသည့် လှပသော မိန်းမပျိုကလေး၏ ရုပ်ပုံကို ဖူးမြော်သလိုကြည့်ကာ မျက်ရည်လည်လျက်နေ၏။ အင်္ကျီအိတ်ထဲက သားရေအိတ်ကိုထုတ်ကာ သားရေအိတ်ထဲက စက္ကူထုပ်ကလေးကိုဖြေပြီး လက်နှစ်ဖက်၌ထည့်ကာ နမ်းလေ၏။ သက်မကြီးချပြီး မျက်နှာကို ပဝါနှင့် တို့လေ၏။ ပန်းခြောက်ကလေးများကို စားပွဲပေါ်က စာအိတ်ကလေးတစ်ခုထဲထည့်ကာ ကားပေါင်၏အကြား မှန်ပေါ်တွင် ထိုးညှပ်ပြီး ထွက်သွားလေ၏။

ထိုအခိုက်တွင် ခံ့ညားသောအဘိုးကြီးတစ်ယောက်နှင့် မိန်းပျိုကလေးတစ်ယောက် ဝင်ရောက်၍လာရာ အဆိုပါ ရုပ်ပုံကားရှေ့သို့ရောက်လျှင် အံ့အားသင့်လျက် ကြည့်နေကြလေ၏။ ကားပေါ်၌ "မောင်ဘိုးလင်း"ဟူသော နာမည်လက်မှတ်ကို မြင်ကြရလေ၏။ မိန်းမပျိုက

mgyoe.com

mgyoe.com

လေးမှာ မျက်ရည်တွေ ဝိုင်း၍လာ၏။ ကားပေါင်၌ ညှပ်ထားသော စာအိတ်ကလေးကိုယူ၍ကြည့်ရာ မိမိ၏ပန်းကလေးကိုမြင်ရလျှင် ရင်ဘဲမှာ ဖိုလှိုက်ပြီး မျက်ရည်တွေ ချောင်းစီး၍ လာလေသတည်း။

ထိုအခိုက်တွင် မိုးရွာ၍လာသဖြင့် ဘိုးလင်းသည် မိုးကာယူရန် အခန်းထဲသို့ လျင်မြန်သော ဖိနပ်သံဖြင့်လာလေရာ နှလုံး၌ အမြဲခိုနေ သော၊ မပျောက်နိုင်သော မျက်နှာကို တကယ်မြင်ရလေလျှင် ကြက်သေ သေ၍ နေလေ၏။ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ နေလေ၏။ အဘိုးကြီးသည် အပြင်ဘက်သို့ ထွက်သွားလေ ၏။ နှစ်ယောက်သား တစ်ယောက်ထံတစ်ယောက် ပြေးကပ်ကာ တစ်ယောက်၏ရင်ကိုတစ်ယောက် ဝင်ရောက်လျက် နှစ်ကိုယ်မှာ တစ်ကိုယ် ပမာ ဖြစ်ကြရလေသတည်း။

"ဘယ်သွားနေရသလဲ၊ ဘာဖြစ်လို့ အကြောင်းမကြားသလဲ"

"တစ်ယောက်နဲ့တစ်ယောက် အရောဝင်ရင် သိပ်ပြီးချစ်ကြလိမ့် မယ်၊ သိပ်ချစ်နေခိုက်မှာ ရှင်က အရက်မဖြတ်ရင် ကျွန်မဒုက္ခဖြစ်မှာပဲ၊ ဒီအတွက် ရှင်အရက်ကို မဖြတ်လျှင် ရှင့်ကို လွယ်လွယ်နဲ့ ဖြတ်ဖို့ရန် ဝေးအောင်ကြဲနေပါတယ်၊ အခုတော့ ရှင်လူကောင်းဖြစ်ကြောင်း သိရလို့ လာတယ်၊ ကျွန်မဖေဖေလည်း အကုန်သိပြီးပါပြီ၊ မတည့်တဲ့ မိထွေး သေလို့ ဖေဖေ့ဆီ ပြန်နေရတယ်၊ အရင်က မိထွေးကြောင့် လေလွင့်ပြီး ရန်ကုန်မှာ နေတာပါ၊ ရှင်ဘယ်တော့ တောင်ငူကို လိုက်နိုင်မလဲ"

"ဒီမှာ တဲပည့်ကျော်မောင်ကြည်ရှိလို့စိတ်ချရပါတယ်၊ ဘယ်အခါ မဆို အသင့်ပါပဲ"

(၂၁–၉–၃၀)

mgyoe.com

mgyoe.com

# ပိုးဖဲထီး

တင်တင်သည် တစ်ယောက်တည်း အိမ်ဝရန်တာ ပက်လက်ကုလားထိုင်ပေါ်၌ မဂ္ဂဇင်းတစ်ခုကို ဖတ်၍နေရင်း သမ်းဝေ၍လာလေ၏။

ကျောင်းကပြန်၍ လာသောအခါ အိမ်၌ မည်သူ့ကိုမျှ မတွေ့ရသဖြင့် လက်ဆွဲမြက်ခြင်းထဲတွင် ပါလာသော မဂ္ဂဇင်းကိုဖတ်ရင်းအချိန်ကို လွန်စေမည်ဟု အောက်မေ့ကာ တစ်ကိုယ်တည်း စာဖတ်၍နေခြင်းဖြစ်လေ၏။

နာရီကိုကြည့်လိုက်သောအခါ ငါးနာရီခွဲဖြစ်နေလေရာ အိမ်သားများပြန်မလာ၍ ဘုရားပေါ်တွင် နေကုန်အောင် ဥပုသ်စောင့်ရန် နေကြမည့်လက္ခဏာရှိသည်ကို တွေးတောမိလေသတည်း။

တင်တင်သည် ထိုအိမ်၌ ထမင်းလခပေး၍ နေထိုင်သောအင်္ဂလိပ်ကျောင်းဆရာမကလေးဖြစ်လေ၏။ ၎င်းသည် အင်္ဂလိပ်နှင့်

mgyoe.com

mgyee.com

ကပြားကလေးများနေသော ကျောင်း၌ မြန်မာစာကို သင်ပြရသူဖြစ်လေရာ ဥပုသ်နေ့မှာ အားလပ်ခွင့်မရချေ။

ထိုညနေ၌ ထိုအိမ်မှာ မိမိအပြင် အစေခံမိန်းမကြီးတစ်ယောက်သာရှိလေ၏။

တင်တင်သည် သမ်းဝေပြီးနောက် မဂ္ဂဇင်းကို စားပွဲပေါ်သို့ ပစ်တင်ကာ ကုလားထိုင်မှထပြီး ရေချိုးခန်းသို့ သွားရောက် ရေမိုးချိုး၍ ဖြီးလိမ်းပြီးလျှင်

"ဒေါ်ညို – ကျွန်မတစ်ယောက်တည်းရယ်၊ အပြင်ကို ထွက်လည်ဦးမယ်။ တခြားကို သွားမနေနဲ့နော်"

ဟုပြောပြီး ပိုးဖဲထီးကလေးကို မေ့လျော့ကာ မယူဘဲ အိမ်ပေါ်မှ ဆင်း၍ သွားလေသတည်း။

ထိုအခါ ကောင်းကင်သည် ကြည်လင်၍နေသော ညနေအခါဖြစ်လေရာ အညောင်းပြေ၊ အညာပြေ လမ်းလျှောက်ရန် လွန်စွာကောင်းသောအခါ ဖြစ်လေ၏။

သို့သွားလေရာ ခြောက်နာရီခွဲလောက်တွင် ရုပ်ရှင်ရုံရှေ့သို့ရောက်၍ အသွားမှာ မိုးတိမ်၊ ခဲမင်တည်းဟူသော နိမိတ်တစ်ကိုမပေးဘဲ ရွာတတ်သော မိုးရူးသည် ဖြုန်းခနဲကျရွာ၍ လာလေသတည်း။

ရန်ကုန်မြို့သည် မိုးရွာသည့်အခါ လန်ချားရှားသောမြို့ဖြစ်၏။ သို့ဖြစ်သောကြောင့် လန်ချားမရသော တင်တင်သည် ရုပ်ရှင်ရုံတစ်ခုဘက်သို့ ဝင်ပြေးကာ မိုးခိုရရှာလေ၏။

ထိုမိုးသည် အဖျားရောဂါနှင့်တူသော မိုးဖြစ်၏။ အဖျား၊ အနာရောဂါတို့မည်သည် လျင်မြန်စွာ ပေါ်ပေါက်စွဲကပ်တတ်သော်လည်း လျင်မြန်စွာ စွန့်ခွာမသွားတတ်ကြချေ။ ထို့အတူ ၎င်းမိုးသည် အရွာမြန်သလောက် အရပ်နှေးပြီးလျှင် သည်းသည်ထက် သည်း၍လာလေ၏။

mgyee.com

mgyoe.com

ရုပ်ရှင်ပြတော့မည့် အချိန်နီး၍လာသဖြင့် အချက်ပေးသော ခေါင်းလောင်းသံကို ကြားရ၏။ လက်မှတ်ခံသော တံခါးဝ၌လည်း လူတွေတိုးဝှေ့၍ နေကြလေ၏။

အကြောင်းမူကား ပြတော့မည့် ရုပ်ရှင်ဇာတ်ကားမှာ နိုင်ငံကျော် မြန်မာရုပ်ရှင် ကုမ္ပဏီကြီးတစ်ခုမှ စီမံရိုက်ထုတ်သော နာမည်ကျော် ဇာတ်ကားကြီးတစ်ခုဖြစ်လေရာ ထိုနေ့မှာ အင်္ဂါနေ့ဖြစ်သဖြင့် ကြည့်သူ တွေ တိုး၍ကောင်းတုန်းဖြစ်သော နေ့တစ်နေ့ဖြစ်လေသတည်း။

မကြာမီ ရုံပြင်၌ လူသူနည်းပါး၍ သွားလေ၏။ မိုးကလည်း မစဲသဖြင့် အပြင်၌ တစ်ကိုယ်တည်းနေရသော တင်တင်မှာ ရှက်ကိုး ရှက်ကန်းဖြစ်နေလေ၏။

ရုပ်ချောသော မိန်းကလေးလည်းဖြစ်သဖြင့် လမ်းသွားလမ်းလာ တွေက ၎င်းကို စူးစိုက်ကာ ကြည့်နေကြလေ၏။ မြေပဲ၊ ဆီးသီး၊ ကြံ၊ ပြောင်းဖူးစသည့် ရောင်းသောဈေးသည်တို့ကလည်း ၎င်းကိုကြည့်ကာ ဘယ်သူနဲ့ ချိန်းချက်ပြီးလာ၍ စောင့်ပါသလဲဟု တွေးတောသော အသွင်အမူအရာမျိုးကို ပြကြလေ၏။

ထိုအတွင်း သားနားသော ယောကျ်ားပျိုတစ်ယောက်သည် ပိုးဖဲ ထီးကိုဆောင်းလျက် ဝင်လာပြီး ဖဲထီးကို ပြန်၍ပိတ်ရင်း တင်တင်ကို ကြည့်ကာ တစ်ကျပ်တန်းကို ဝင်၍သွားသည်ကို မြင်လိုက်ရလေ၏။

ထို့နောက် မိုးမှာ ရပ်စဲဦးမည့် လက္ခဏာမရှိသဖြင့် တင်တင် သည် တစ်ကျပ်တန်းလက်မှတ်ကို ယူပြီး ရုံထဲသို့ ဝင်သွားလေသ တည်း။

ရုံထဲ၌ လူတွေကျပ်၍ နေလေ၏။ များစွာသော သူတို့၏ ခြေ များကိုနင်း၍ ဝင်သွားရလေရာ ကုလားထိုင်အလွတ်တစ်ခုကို ရသဖြင့် ထိုင်လေ၏။

ထိုအခါ ရုပ်ရှင်စ၍ ပြနေပြီဖြစ်လေရာ ဇာတ်မှာ ကော်မဒီ အပျော်ဇာတ်ဖြစ်သဖြင့် တဟားဟား ရယ်မောသံညံ၍ နေကြလေ၏။

mgyoe.com

mgyoe.com

ထိုရယ်မောသော အသံတို့ကို တင်တင်သည် အပြင်မှ ကြားရသော ကြောင့် ရုံထဲသို့ ဝင်ဖြစ်ခြင်းဖြစ်လေသည်။ အကယ်၍ မဝင်ဖြစ်လျှင် တစ်စုံတစ်ရာမျှ ဖြစ်ဖို့မရှိချေ။

မိမိ၏ အနီး၌ ထိုင်နေသူတစ်ယောက်သည် တဟားဟား ရယ်မော၍ နေလေ၏။ ၎င်း၏ရယ်မောသံသည် အခြားသောသူတို့၏ ရယ်မောသံထက် ပိုမိုထင်ရှားလေ၏။ "ဟယ် အဲ–အဲဒီလိုမှပေါ့၊ ဟုတ်လိုက်တာကွယ်၊ အေ့ဟေ–ဟိ... ဟား" ဟူ၍ ရယ်မောရုံမက တစ်ခါတစ်ခါ သံဘောကျပြီး ကြီးမားသော လက်ဝါးကြီးများနှင့် မိမိပေါင်နှစ်ဖက်ကို ရိုက်ကာ အုပ်ကာ တစ်ယောက်တည်း အူလန်၊ သည်းလန်ခွက်ထိုးခွက်လန်ဖြစ်၍နေသဖြင့် အခြားလူများက ၎င်းကိုလှည့်ကြည့်ကာ ပြုံးကြလေ၏။

ထိုကဲ့သို့ အချက်ကောင်းတိုင်း သဘောတွေ့လျက် မနောခွေ့ကာ တဟီးဟီး၊ တဟားဟားနှင့် နေရုံမက တင်တင် လက်တင်၍ထားသော ကုလားထိုင်ကို ရယ်မောရင်း လက်နှင့် ဆုပ်ကိုင် ဖိညှစ်လေရာ တင်တင်၏လက်ပါအညှစ်ခံရသဖြင့် "အမယ်လေး ဘယ်နဲ့အကောင်ကြီးပါလိမ့်၊ သူ့လက်ကလည်း သန်ကသန်ပါဘိသနဲ့ တျိုးတော့မှာပဲ" ဟု တင်တင်၏စိတ်ထဲ၌ အောက်မေ့ကာ မျက်နှာမဲ့လျက် ၎င်းလူ၏မျက်နှာကိုကြည့်လိုက်သောအခါ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ရိုးသားသော ကလေး၏မျက်နှာလို သန့်ရှင်းလျက် ဘာကိုမျှ သတိမထားသော အဖြစ်ကိုလည်းကောင်း၊ ထိုလူသည် ပိုးဖဲထီးနှင့်ဝင်၍ လာသောသူပင်ဖြစ်သည်ကိုလည်းကောင်း သိရလေ၏။ ထိုအခါ ရန်ကုန်မိုးသည် စဲ၍နေသဖြင့် ကြမ္မာဆောင်သလို ဖြစ်၍နေလေသတည်း။

မကြာမီ ထပ်၍ တင်တင်၏ နူးညံ့သော လက်ကို ဖိကိုင်ပြီး တဟီးဟီး၊ တဟားဟား လုပ်ပြန်လေရာ တင်တင်မှာ သည်းညည်းမခံနိုင်ဘဲ လက်ကို ရုန်းယူရလေ၏။

mgyoe.com

mgyoe.com

သို့ပင် ရှန်းသော်ငြားလည်း မရ၊ ရယ်မောသူမှာ သတိရဟန်မရှိသဖြင့် မိမိ၏ လွတ်သော လက်တစ်ဖက်နှင့် ထိုသူ၏ လက်ကိုကိုင်ကာ တွန်းဖယ်ပြီး

"ရှင်... ဘယ့်နှယ်ဟာလဲ"

ဟုပြောလိုက်လေ၏။

ထိုအခါ ၎င်းယောကျာ်းပျိုသည် ရှက်ကိုးရှက်ကန်းဖြစ်လျက် တင်တင်၏ မျက်နှာကိုကြည့်ပြီး...

"မသိလို့ပါခင်ဗျာ တစ်ဆိတ်သည်းခံပါ၊ ဘုရားကိုစူးရပါစေရဲ့ မသိရပါဘူး"

ဟု တောင်းပန်လေ၏။

လူအများသည် ၎င်းကိုလှည့်၍ကြည့်ကြလေ၏။ အချို့က ထိုသူနှင့်တင်တင်သည် လင်မယားထင်ပါရဲ့ဟု တွေးတောသောအမူအရာဖြင့် တီးတိုးစကားပြောကြလေ၏။

တင်တင်မှာ များစွာရှက်ကြောက်လျက် အနေခက်၍လာလေ၏။ ဤလူနှင့် ကုလားထိုင်ချင်းယှဉ်၍ ထိုင်မိသည်မှာ များစွာ ခက်၍နေ၏။ အများက မိမိကို အရက်မူးသမားတစ်ယောက်နှင့် တွဲ၍လာသော မိန်းမပေါ့ကလေးတစ်ယောက်လားဟု တွေးကြမှာကို ကြောက်လေ၏။ အများလူတို့ကလည်း ထိုလူကိုသာမဟုတ် တင်တင်ကိုလည်း ကြည့်ကြလေ၏။

နောက်တစ်အောင့်လောက်ကြာသောအခါ တင်တင်မှာ မခံမရပ်နိုင်ဖြစ်သဖြင့် ထိုင်ရာမှထကာ ဒရောသောပါး ကတိုက်ကရိုက်နှင့် အပြင်သို့ ထွက်လာပြီးနောက် ထပ်မံ၍တဖွဲဖွဲရွာသော မိုးထဲသို့ဝင်ကာ လမ်းကိုဖြတ်ကူးပြီးလျှင် လမ်းတစ်ဖက်နံဘေးဖြင့် လျှောက်၍သွားလေသတည်း။

အတန်ငယ်ကြာ၍ နောက်ကိုပြန်ကြည့်လိုက်သောအခါ လူတစ်ယောက်လိုက်၍လာသည်ကို မြင်ရလေ၏။ သေချာစွာ ကြည့်သော

mgyoe.com
အခါ အရယ်သန်သော ရုံထဲကလူဖြစ်သည်ကို သိရသဖြင့် ထိတ်ခနဲ ဖြစ်ကာ ခပ်သုတ်သုတ်သွားလေ၏။

ထိုလူ၏နောက်၌လည်း အတန်ကွာလှမ်းသော နေရာမှလိုက်၍ လာသော ပေါက်ဖော်ကြီးတစ်ယောက်ကိုမြင်ရလေ၏။ သို့သော်လည်း ထိုပေါက်ဖော်မှာ မိမိတို့အရေးနှင့် တစ်စုံတစ်ရာ သက်ဆိုင်သော ပေါက်ဖော်မဟုတ်ဟု တွေးမိလေ၏။

တင်တင်သည် တွင်တွင်သွား၏။ လိုက်သူလည်း တွင်တွင်လိုက်၏။ ပေါက်ဖော်လည်း ခပ်လှမ်းလှမ်းမှ ပါ၍လာ၏။ "ကေန် ဒီလူဟာ အရက်မူးပြီး ငါ့ကိုတန်းတန်းစွဲလိုက်နေတာပဲ။ မော်တော်ကားများ တင် ချင်သလား၊ သို့တည်းမဟုတ် ငါ့ကို အတင်းဗလက္ကာယ တစ်ခုခုပြုချင် လို့လား" ဟု တွေးတောကာ ကြောက်ရွံ့လျက်သွားလေရာ နောက်ဆုံး၌ လွတ်မည့်လက္ခဏာမမြင်သဖြင့် ဂေါ်ရာစာသင်တစ်ယောက်အပါး ကပ်ပြီး အကျိုးအကြောင်းကို အင်္ဂလိပ်လို ပြော၍ပြလေ၏။

ဂေါ်ရာစာသင်က လိုက်သူကိုလှမ်း၍ကြည့်၏။ မကြာမီ လိုက် လာသူလည်း မနီးမဝေးသို့ရောက်လာသောအခါ ဂေါ်ရာစာသင်က ရယ်မောလျက် "ခင်ဗျားအထင်မှားလို့ပဲ" ဟု ပြောခိုက်တွင် လိုက်သူ အပါးသို့ ရောက်၍လာလေသတည်း။

ဂေါ်ရာစာသင်က...

"ဟက်လို... မစ္စတာဘသော် ဒီက ခင်ဗျားသူ့ကို လိုက်နှောင့် ယှက်နေတယ်လို့ ပြောပါကလား၊ ရုံထဲမှာလည်း နှောင့်ယှက်တယ်တဲ့၊ ကျုပ်တော့ မယုံပါဘူး"

ဟု အင်္ဂလိပ်လို ပြောလေ၏။

တင်တင်ကလည်း အဟုတ်တကယ် အနှောင့်အယှက်ပြုကြောင်း ကို အင်္ဂလိပ်လို ရေရေလည်လည်ပြော၍ပြလေ၏။ ဘသော်လည်း အင်္ဂလိပ်စကား ကောင်းစွာတတ်သော မိန်းမပျိုတင်တင်ကိုကြည့်ကာ ပြုံးလျက်...
mgyoe.com

mgyoe.com

"နေ့ခင်းယှက်တယ်ဆိုရင်လည်း မှန်တာပဲ၊ ဟုတ်ပါတယ်"

ဟု ပြောရလေ၏။

ထိုအခါ ဂေါ်ရာစာသင်က...

"ဒီလိုဖြင့် ကျွန်တော် အင်မတန်ဝမ်းနည်းတယ်၊ ခင်ဗျား ပုလိပ်မင်းကြီးရုံးမှာ စာရေးအကြီးဆုံးတော့ မှန်ပါတယ်၊ သို့သော်လည်း ဒီလိုလုပ်ရင် ဒီမိန်းကလေးကို ကာကွယ်စောင့်ရှောက်ရလိမ့်မယ်၊ ခင်ဗျား မူးလာသလား ငြိမ်ငြိမ်သက်သက် ကောင်းကောင်းမွန်မွန်သွားပါ၊ ခင်ဗျား အင်စပိတ်တော်အဖြစ်နဲ့ နယ်ကို ထွက်ရခါနီးပြီ ကျုပ်သိတယ်၊ နာမည်ပျက်သွားမှာ ကျုပ်စိုးရိမ်တယ်၊ ကျုပ် ခင်ဗျားကို ဘာမှမလုပ်ချင်ဘူး"

ဟု ပြောလေ၏။

ထိုအခိုက် တရုတ်ကြီးသည် ဘသော်၏အပါး ရောက်လာပြီး...

"စာရေးကြီး– ခင်ဗျား တယ်နောက်တာကိုးဗျ၊ ကျုပ်ထီးကိုပေးပါ၊ သွားစရာရှိလို့ပါ၊ စာရေးကြီးကို ကျုပ်သိလို့ ဘာမှမပြောဘူး လိုက်လာတယ်"

ဟု ပြောလေ၏။

"ကျုပ်လည်း ပေါက်ဖော်ကိုသိလို့ တမင်ဆွဲလာတာပဲ၊ ကျုပ်ထီးကို သူယူသွားလို့ ကျုပ်လည်း ခင်ဗျားထီးဆွဲပြီး လိုက်လာတာပါ"

ဟုပြောကာ တင်တင်ဆောင်းထားသော ပိုးဖဲထီးကိုလက်နှင့် ရယ်မောလျက် ပြလေ၏။

ထိုအခါမှ တင်တင်သည်သတိရပြီး ရှက်ကိုးရှက်ကန်းဖြစ်ကာ မျက်နှာမှာ နီးမြန်း၍လာလေ၏။ တင်တင်သည်သိ မိမိ၌ ပိုးဖဲထီးမပါ၊ အိမ်၌ မေ့ကျန်ခဲ့သည်ကို သတိမရ၊ ရုံထဲမှ ရှက်ကိုးရှက်ကန်းထွက်၍ အလာမှာ စာရေးကြီးမောင်ဘသော်၏ထီးကို မိမိထီးမှတ်ထင်ပြီး ဆွဲကိုင်၍ ထွက်လာခဲ့မိကြောင်းကို ယခုမှ သတိရလေ၏။

mgyoe.com

mgyoe.com
ဘသော်။ ။"ရုံထဲမှာ အနှောင့်အယှက်ပြုမိတာကတော့ မသိလို့ပါ၊ တမင်မဟုတ်ပါဘူး၊ ကလပ်က ဆင်းလာစဖြစ်တော့ နည်းနည်းကလေးလည်း... အခုလိုက်လာတာကတော့ ကျုပ်ထီးကို ပြန်တောင်းရင် မင်းထီးမပါဘဲ မိုးရွာကြီးထဲသွားရမှာစိုးသည့်အတွက် မင်းအိမ်ကိုရောက်မှ ထီးကိုပြန်ယူမယ်လို့ လိုက်လာတာပါ၊ တမင်နှောင့်ယှက်တာမဟုတ်ပါဘူး၊ စိတ်မဆိုးပါနဲ့"

ဟု ပြောလေ၏။

"ရော့– ရှင့်ထီး၊ ကျွန်မလည်း မှားပြီးယူလာပါတယ်၊ ကျွန်မထီးထင်လို့ပါ"

"နေပါစေဦးလေ၊ မိုးလည်း မစဲသေးပါဘူး၊ ဆောင်းသာဆောင်းပါ၊ မိုးကလည်းသည်းလာပြန်ပြီ၊ လန်ချားလည်း တစ်စင်းမှပေါ်မလာဘူး"

"ကိစ္စမရှိဘူး၊ ကျွန်မ ဟိုတိုက်တစ်ခုမှာဝင်ပြီး စောင့်နိုင်ပါတယ်၊ ရှင့်ထီးကို ရှင်ပြန်ယူ"

ဟု ပြောကာ ပေးလေ၏။

"ကိစ္စမရှိဘူး ကျုပ်လိုက်ပြီး ထီးမိုးပေးမယ်၊ ကျုပ်နှောင့်ယှက်လို့ မင်းရုပ်ရှင်ရုံထဲက ထွက်လာရတယ်၊ ကျုပ်ကိုစိတ်မဆိုးဘူးဆိုတာ စိတ်မချသမျှ မင်းမှာလည်း မိုးစိုမခံဘူးဆိုတာ စိတ်ချရမှ လွှတ်မယ်..."

ဟု ပြောပြီး မိုးရေထဲ၌ အတင်းထွက်သွားသော တင်တင်ကို အတင်းထီးမိုးရင်းလိုက်လေရာ တင်တင်သည် ရှက်သော်လည်း လမ်း၌ ငြင်းခုံကာ ခုခံ၍နေချေက လူအများက ရန်ကုန်မြို့ လမ်းမကြီးမှာ လင်မယားလာပြီး ရန်ဖြစ်နေသည်ဟု ပြောကြလိမ့်မည်၊ ငြိမ်ငြိမ်သက်သက်သွားရင် ဘယ်သူမှ့ကဲ့ရဲ့မှာမဟုတ်၊ မောင်နှမလို့လည်း ထင်နိုင်သည်၊ သူငယ်ချင်းလို့လည်း ထင်နိုင်တာပဲ၊ သူလည်း ဂုဏ်အသရေရှိလူကောင်းတစ်ယောက်မို့ လင်မယားထင်ထင် ဘာဖြစ်သလဲလေ...

mgyoe.com
ဟု စိတ်၌အောက်မေ့ပြီး ငြိမ်သက်စွာ အမိုးခံ၍သွားရင်း ကွန်တီနင်တယ် မုန့်ဆိုင်ကြီးသို့ ရောက်ကြလေရာ ဘသော်က...

"ကိုင်း... မိုးလည်းအေးတယ်၊ ကာဖီပူပူကလေး သောက်ပါလား၊ လာသာလာပါ ကိစ္စမရှိပါဘူး၊ ကျုပ် ရာဇဝတ်ဘက်ကပါ၊ မတရားတာကို မလုပ်ပါဘူး၊ ရာဇဝတ်မှုများကို ကြောက်တတ်တဲ့လူမျိုးပါ"

ဟု အတင်းခေါ်လေရာ တင်တင်သည် ၎င်း၏ ရိုးသားသော မျက်နှာကိုကြည့်ပြီး "ဒီလူဟာ ဖွတ်သမားထင်ပါရဲ့၊ ရိုးလည်းရိုးဟန်ပါပဲ၊ ဒီတိုက်ကြီးထဲမှာ ငါ့ကိုသူ ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး၊ ငါလည်း ခပ်ဆာဆာပဲ" ဟု တွေးပြီး ငြင်းဆန်နေလျှင် လူတွေမြင်မှာစိုးသဖြင့် လိုက်ပါ၍ သွားရလေ၏။

မကြာမီဆိုင်ကြီး၌ စားပွဲတစ်ခုတွင်ထိုင်ကာ... အမျိုးမျိုးစားသောက်၍ နေကြလေ၏။

"သောက်သာသောက်ပါ မရှက်ပါနဲ့၊ မောင်နှမလိုပေါ့၊ ဂုဏ်သရေရှိတဲ့ နေရာပါ၊ ရှက်စရာမဟုတ်ပါဘူး"

တင်တင်သည် လက်ဖက်ရည်ကိုဖျော်ပြီး လက်ဖက်ရည်ခွက်ထဲတွင် စိုက်လျက်ရှိသော ဇွန်းကိုဖယ်၍မချဘဲ ရှက်ကိုးရှက်ကန်းနှင့် သောက်လေ၏။ သောက်ရင်း ဇွန်းကိုမြင်ကာ မိမိ၏မှားယွင်းခြင်းကို သတိရပြီး တိုး၍ရှက်သောကြောင့် လက်ဖက်ရည်ပန်းကန်သည် လက်မှ လွတ်၍ကျလေ၏။ စားပွဲခင်းပေ၍ သွားလေ၏။ ပန်းကန်သည် အောက်သို့လိမ့်ကျပြီး ကွဲလေ၏။ တင်တင်သည် ထိတ်လန့်ကာ ထလေ၏။

"ကိစ္စမရှိပါဘူး၊ မထပါနဲ့၊ ဘယ်ကိုပြေးမလို့လဲ..."

ဟု ပြောကာ တင်တင်၏ အင်္ကျီလက်ကိုဆွဲကိုင်၍ ထားလေ၏။

ထိုအခိုက် ဘွိုင်ကုလားရောက်လာရာ ဘသော်က လက်ဖက်ရည်အသစ်ပြင်ပေးရန်၊ စားပွဲအသစ်သို့ ပြောင်းပေးရန် ပြောလေ၏။ မကြာမီ အခြားစားပွဲတစ်ခုသို့ ရောက်ကြလေ၏။ ထိုနေရာမှာ အခန်းဖြစ်လေ

mgyoe.com

mgyoe.com

၏။ တင်တင်မှာ အနည်းငယ်တိုး၍ ရဲလာသဖြင့် အချေအတင်ပြော ဖော်ရလေ၏။

"ကျွန်မကို ရှင် ခိုးတတ်တဲ့မိန်းမကလေးလို့တွေးပြီး ဖမ်းဖို့လိုက်-လာတာ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ပထမတော့ ဒီလိုပဲထင်မိတာပဲ၊ မင်းမျက်နှာကိုမြင်တော့ ဒီအထင်ဟာ 'ပိန်းကြာဖက်ပေါ်က ရေပမာ' လိမ့်လျှောပြီး ကျသွားတာပဲ၊ ဒီအထင်ဟာ ရေပါ၊ မင်းမျက်နှာက ပိန်းကြာဖက်ပါ"

"ပိန်းပဲတော်ပါပြီ၊ ကျွန်မဟာ ပိန်းလည်း ပိန်းပါတယ်၊ ကြာအဆင့်အတန်းကိုတော့ မရောက်ပါဘူး၊ ဘာဖြစ်လို့ ရှင့်အထင် ပြောင်းလဲသလဲ"

"ပုလိပ်အရာရှိလုပ်မယ့်လူပါ၊ 'အပွေးမြင် အပင်သိ' ဆိုတာလို ညီးနည်းတော့ သိတတ်ပါတယ်၊ ဒါထက် မင်းက ဘယ်ကလဲ၊ ဘာ ခုပ်သလဲ"

တင်တင်သည် အလုပ်အကိုင်ဇာတိကိုပြော၍ပြလေရာ ဘသော်သည် မိမိ၏ပေါင်ကို လက်ဝါးနှင့်ရိုက်ပြီး...

"သြော်... မော်လမြိုင်ကကိုး၊ ကျုပ်လည်း မော်လမြိုင်ကပဲ၊ အရင် တစ်နှစ်က အနိစ္စရောက်တဲ့ ဒေါ်ကြီးကြီးရဲ့တူမဖြင့် မင်းတင်တင်ပေါ့ ကွဲ့၊ ငါ့ကို မင်းမမှတ်မိဘူးလား၊ ကြွက်စုတ်လေ၊ မရမ်းကုန်းတောင်ခြေ ကကျောင်းမှာ မင်းဂါဝန်ကလေးနဲ့နေတုန်းက ညနေကျ ငါလာလာ ပြီး တောင်စောင်းမှာ ဆီးဖြူသီးတွေခူးပြီး မဆလာနဲ့စားတာ မမှတ်မိ ဘူးလား"

"သြော်– ဟုတ်လား၊ အခုတော့ ကြွက်စုတ်နဲ့မတူပါလား၊ ချောလို့ပဲ၊ ကျွန်မ နည်းနည်းမှ မမှတ်မိဘူး"

"တင်တင်ကတော့ သိပ်လှနေတာပဲ၊ ငါလည်း လုံးလုံးကြီး မင်း မှန်းမသိဘူး"

mgyoe.com

mgyoe.com

ဟုပြောကာ စားပွဲပေါ်၌တင်ထားသော တင်တင်၏လက်ကို မိမိ၏ သန်မာသော လက်နှင့်ထပ်ကာ အုပ်ကိုင်လိုက်လေ၏။

နောက်တစ်လလောက်ကြာ၍ ကွန်တီနင်တယ်သို့ ပြန်လာကြသောအခါ အသိမိတ်ဆွေများစွာတို့ ရောက်ကြလျက် အတီးအမှုတ်၊ အကျွေးအမွေး၊ အကမ်းအလှမ်းတွေနှင့် ဖြစ်၍နေလေသတည်း။

(၂၆-၁၀-၃၀)

●

mgyoe.com

mgyoe.com

# စကားတစ်လုံး

စကားတစ်လုံးသည် အခါများစွာ မိုးကြိုးသွားထက် ကြောက်စရာကောင်း၏။ သို့ဖြစ်သောကြောင့် "သံစောင်းထက်–ကျောက်စောင်းထက်သည်၊ ကျောက်စောင်းထက်–ရေစောင်းထက်သည်၊ ရေစောင်းထက်–လေစောင်းထက်သည်" ဟု ရှေးလူကြီးသူမများ ပြောကြလေသည်။

သို့ပါလျက် လူများသည် စကားကို အလွတ်မဲ့ပြောတတ်ကြ၏။ အခါများစွာသော သူတို့၏စိတ်၌ တစ်စုံတစ်ယောက်အား အကျိုးယုတ်အောင် ပြောခြင်းမဟုတ်၊ ပါးစပ်အားဖြင့် "သာလိကာငှက်သည် နှုတ်သီးမှသွင်းသမျှကို အောက်ဘက်မှ အမြဲစွန့်သလို" အချို့သော သူတို့သည် စကားကို နှုတ်မှစွန့်တတ်ကြလေသည်။

မောင်ထွန်းနှင့် မမြတို့၏ မင်္ဂလာအရေးသည် စကားတစ်လုံးကြောင့် အဘယ်ပုံဖြစ်သည်ကို တွေ့ရှိရလေသည်။

mgyoe.com

mgyoe.com

နက်ဖြန်ခါ မင်္ဂလာဆောင်တော့မည့်ဆဲဆဲ ရှိကြ၏။ ၎င်းနေ့မတိုင်မီညဥ့်၌ မမြ၏အဒေါ်က ဧည့်သည်များကို စောင်း၊ အငြိမ့်နှင့် ဖျော်ဖြေရင်း ထမင်းကျွေး၏။ မမြ၏အဒေါ် ဒေါ်သိမ်းသည် မောင်ထွန်းကို လွန်စွာချစ်သဖြင့် လွန်စွာသဘောကျလျက် ထိုမင်္ဂလာပွဲမှာ မိမိတစ်ဦးတည်းက ငွေငါးထောင်လက်ဖွဲ့ရန်အသင့်ရှိ၏။ လာရောက်သောဧည့်သည်များကလည်း အဘယ်လက်ဆောင်မျိုးတွေကို ပေးရမည့်အကြောင်း တိုင်ပင်ကြလေ၏။

ထိုဧည့်ခံပွဲ၌ မမြနှင့် ၎င်း၏မိန်းမဖော်များ ပါရှိကြလေ၏။ မောင်ထွန်းကဲ့သို့ ကြီးပွားထင်ရှား၍နေသော ရန်ကုန်မြို့သား တိုက်ဆိုင်ကြီးတစ်ခု၏ ပိုင်ရှင်သူဌေးကလေးတစ်ယောက်နှင့် မမြတွေ့ရသည်မှာ လွန်စွာကံထူးသည်ဟု အများက ချီးကျူးကြလေ၏။

ထိုပွဲသို့ ဝတ်လုံတော်ရ မောင်မြင့်သည်လည်း ရောက်၍လာ၏။ မောင်မြင့်သည် မမြမင်္ဂလာဆောင်မည့်အကြောင်းကိုမသိ၊ တခြားမြို့သို့ အမှုလိုက်သွားရာမှ ပြန်အလာ ခရီးလမ်းကြုံသဖြင့် ဒေါ်သိမ်း၏အိမ်၌ လူတွေစည်ကားလှချည်လားဟု အောက်မေ့ပြီး ဝင်၍လာရခြင်း ဖြစ်လေ၏။ မမြမည်သူနှင့် မင်္ဂလာဆောင်မည်ကိုလည်း မသိရချေ။

မောင်မြင့်သည် နာမည်ရသော ဝတ်လုံကလေးဖြစ်၏။ ရန်ကုန်မြို့မှ ဤဒိစတြိတ်မြို့သို့ ပြောင်းရွှေ့လာပြီး ထင်ရှား၍နေ၏။ ၎င်းသည် ဤမြို့သို့ရောက်ပြီး များမကြာမီ ထင်ပေါ်ကျော်ကြားခဲ့ရာ လွန်ခဲ့သော ရက်သတ္တ တစ်ပတ်သာသာလောက်က လူသတ်မှုတစ်ခု၌ တရားခံကို ကွင်းလုံးကျွတ်လွတ်အောင် လိုက်ခဲ့သဖြင့် များစွာပိုမိုထင်ရှားကျော်ကြား၍လာလေ၏။ ၎င်းရောက်၍လာသောအခါ ဧည့်သည်များသည် ထိုအမှုအကြောင်းကို ပြောဆိုဆွေးနွေး၍ နေကြခိုက်ဖြစ်လေ၏။

၎င်းအမှု၌ တရားခံဘက်က သက်သေမလုံလောက်သဖြင့် သေသူဘက်က လွန်စွာ သက်သေခိုင်လုံလျက်နေရာ တရားခံမှာ လည်ပင်း

mgyoe.com

m...e.com
နှဲ့ ကြိုးတပ်ပြီးလိုလို ဖြစ်၍နေ၏။ ထိုအမှုနှင့်ပတ်သက်၍ ဝတ်လုံမောင်မြင့်ကို များစွာချီးမွမ်းကြလေ၏။ မောင်မြင့်က...

"ချီးမွမ်းစရာ မရှိပါဘူး၊ ကျွန်တော်က ဘာမှဉာဏ်ထုတ်ရတာ မဟုတ်ပါဘူး၊ အရေးအကြီးဆုံးသက်သေဟာ မဟုတ်မမှန် ထွက်တယ်ဆိုတာ တစ်ခုပဲသိတာပါပဲ၊ သည့်အတွက် လိမ်တဲ့အရာဟာ လောကမှာ အဖုံးရအခက်ဆုံးပဲ၊ သူ့အလိမ်ကို သူ့စကားနဲ့ပေါ်အောင် လုပ်မှပဲ အောက်မေ့ပြီး ထင်ရာတွေ လျှောက်တွေးပြီး အရမ်းမေးတာပါပဲ၊ အမေးများတော့ အဖြေစကားတွေ များတာပေါ့၊ စကားများရင် အမှားပါတတ်တယ် မဟုတ်လား၊ သူ့စကားအမှားနဲ့ သူ့အလိမ်ပေါ်တာပဲ၊ ဘာမှကြီးကျယ်တာ မဟုတ်ဘူး၊ စကားတစ်လုံးမှားရင် ပြီးတာပဲ"

ထို့နောက် စကားဆက်ကာ...

"အမှုသာမဟုတ်ပါဘူး၊ တခြားစကားများလည်း အများကြီးသတိထားမှ တော်ရုံကျပါတယ်၊ မတော်တဆ မပြောအပ်တဲ့ စကားတစ်လုံးကိုပြောမိရင် ပြောတဲ့လူမှာတော့ ဘာမှအရေးမကြီးဘူး၊ မတော်တဆ တစ်ယောက်ယောက်မှာ ထိခိုက်သွားရင် အင်မတန်အကျိုးယုတ်တာမျိုးပဲ၊ စကားတစ်လုံးဟာ အင်မတန်ခရီးရောက်ပါတယ်၊ စကားမှားလို့ ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်ပြောပြမယ်၊ ကျုပ်ကိုယ်တိုင်တွေ့ဖူးတာပါ"

ဟုပြောလေရာ ဧည့်သည်အားလုံးတို့သည် ၎င်းကိုမော်ကြည့်ကြပြီး နားထောင်ရန် ပြင်ကြလေ၏။

"ကျုပ် ဘိလပ်က ပြန်လာပြီး ပထမရုံးကို စလိုက်ရတဲ့အမှုပေါ့၊ ကျုပ်သူငယ်ချင်းတစ်ယောက်က ကျုပ်ကို ကလပ်ခေါ်သွားတယ်၊ နာမည်တွေကိုတော့ ပြောဖို့မလိုပါဘူး၊ ကလပ်ကိုရောက်တော့ စားရင်းသောက်ရင်း တောင်တောင်မြောက်မြောက်ပြောချင်ရာပြော နေကြတာပေါ့ခင်ဗျာ၊ အများအားဖြင့်တော့ အရာမရောက်တဲ့ မရေမရာစကားတွေပါပဲ၊ ရန်ကုန်မြို့မှာတော့ စားကြသောက်ကြ၊ ပါတီကျွေးကြတဲ့အ

mgyoe.com
ခါ ဒီလိုပြောတတ်ကြတာပါပဲ၊ အလုပ်အကိုင်စီးပွားရေးနဲ့ပတ်သက်ပြီး တယ်ကြီးမပြောကြပါဘူး။ ပညာရေး၊ ဘာသာရေး၊ အာလာပ သလ္လာပ ဆိုတာတော့ အင်မတန်ဝေးတာပဲ၊ နို့စင်စစ်အားဖြင့်လည်း ပျော်တဲ့နေရာမှာ လေးနက်တဲ့အရေးကိစ္စတွေအကြောင်းကို ပြောလို့လည်းမဖြစ်ဘူး၊ ပြောရင် စားတဲ့အစာမကြေတတ်ဘူး၊ ဗိုက်နဲ့ဦးနှောက်ဟာ တစ်ပြိုင်တည်း အလုပ်မလုပ်ကောင်းဘူး။

"အဲဒီလိုပြောနေကြတဲ့အခိုက်မှာ တခြားဧည့်သည်တစ်ယောက်ရောက်လာ၊ ဆီးပြီးတိုက်ကြ၊ ကျွေးကြတာနဲ့ တခဏအတွင်းမှာပဲ အရက်မူးပြီး အဲဒီလူကမှ အထူးတွေကိုစပြီး ပြောတာကိုးဗျ။

"ဒီလူက အခြားမိတ်ဆွေတစ်ယောက်နဲ့ပတ်သက်ပြီး လာပါတယ်၊ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းနဲ့က သူ့ကို ဘယ်သူဘယ်ဝါရယ်လို့ မသိကြဘူး၊ ဒီတစ်ခါ ပထမမြင်ဖူးတာပဲ၊ သူ့ပြောတဲ့စကားတွေကတော့ အပျော်အပါး သူတွေ့ကြုံတွေ့ခဲ့တာတွေ များတာပါပဲ၊ အဲဒီစကားတွေထဲမှာ သူနဲ့တိတ်တဆိတ်ကြိုက်ဖူးတဲ့ လင်ရှိမိန်းမတစ်ယောက်အကြောင်း ပါတယ်။

"ကျုပ်ကတော့ ငရဲကြီးမှာပဲဗျာ၊ နို့ပေမဲ့ သူကစတော့ ဘယ့်နှယ်လုပ်မလဲဗျာ၊ နှစ်ယောက်တည်းလည်း တွေ့ရတာကိုး၊ နောက်တော့ တနင်္ဂနွေတစ်ပတ်မှာ တစ်ခါချိန်း၊ နှစ်ခါချိန်းချိန်းပြီး တွေ့ကြတာပဲ၊ ကျုပ်မှာ ငွေကျပ်တယ်ဆိုရင်လည်း ချက်ချင်းငွေရောက်လာတာပဲ ဟူသော စကားဖြင့် အဆုံးသတ်လိုက်တယ်။

"အဲဒီစကားများထဲမှာ ဒီမိန်းမ၏ အမည်နာမ၊ ပုံသဏ္ဍာန်၊ သူ့ယောကျ်ားက ဘယ်လိုစသည်ဖြင့် ပါရှိတဲ့အပြင် ဒီမိန်းမနဲ့သူနဲ့ နှစ်ဦးတည်းသာသိတဲ့ အချစ်၏အထိမ်းအမှတ် စကားတစ်လုံးလည်း ပါတယ်၊ ဒီအထိမ်းအမှတ်စကားဟာလည်း ဒီမိန်းမ သူ့လင်နဲ့ ရည်းစားဖြစ်ကတည်းကစပြီး အသုံးပြုလာတဲ့ အထိမ်းအမှတ် စကားပဲကိုးဗျ၊ သူတို့လင်မယားသာ သိတာပဲ၊ သူတို့ သမီးရည်းစားအဖြစ်က စပြီး
mgyoe.com

mgyoe.com

လင်မယားဖြစ်သည့်တိုင်အောင် တစ်ယောက်နှင့်တစ်ယောက် ဝေးကွာ၍ စာပေးစာယူလုပ်ရင် ဒီအထိမ်းအမှတ်စကားကို သုံးကြတယ်၊ ဒီစကားကို သတိရတိုင်းအချစ်ဟာ တိုးလာသလိုဖြစ်တယ်လို့ သူ့လင်က နောက်တော့ ကျုပ်ကိုပြောပြဖူးတယ်၊ သူ့လင်စိတ်ထဲမှာတော့ သူ့မယား ထက်တော်တဲ့မိန်းမ မရှိဘူးလို့ထင်ပြီး အင်မတန်သစ္စာရှိတယ်လို့ အောက်မေ့တာပဲ၊ ဒီလိုဖောက်ပြန်မယ်ဆိုတာ အိပ်မက်မက်ဖူးမယ့်လက္ခဏာ မရှိဘူး။

"အဲဒီစကားတွေကိုပြောတော့ ကျုပ်သူငယ်ချင်းမှာ မျက်နှာအများကြီးပျက်သွားတာပေါ့ခင်ဗျာ၊ ပြောလိုက်ရယ်လိုက်နဲ့ အဖြစ်အပျက်၊ အတွေ့အကြုံတွေကို နှစ်နှစ်ကာကာ တအုံးအုံးပြောနေကြတော့ ဘယ်ခံနိုင်ရှာမလဲခင်ဗျာ၊ ပြောတဲ့လူက သူ့မိန်းမမှန်းမသိလို့ ပြောတာပါ၊ ရယ်တဲ့လူတွေကလည်း သူ့မိန်းမရယ်လို့ မတွေးမိဘဲ၊ တသောသော ရယ်ကြတာပါပဲ။

"ဓာတ်ထုပ်လည်းဆုံး ညဉ့်သန်းခေါင်ကျော်လောက်လည်း ရောက်ကရော ပျော်ပွဲလည်းပြီးရော အသီးသီးပြန်ကြတာပေါ့၊ ကျွန်တော့်သူငယ်ချင်းကတော့ အိမ်ကိုမပြန်ဘဲ ဟိုလူ့နောက်တိတ်တဆိတ်လိုက်သွားပြီး အကျိုးအကြောင်းကို ဒေါနဲ့မောနဲ့မေးထင်ပါရဲ့၊ ဟိုလူကလည်း အရက်မူးမူးနဲ့ 'မိန်းမဆိုတာ ဘယ်တော့မှ စိတ်ချလက်ချ မယုံရဘူးဗျ၊ ခင်ဗျားမိန်းမကို ခင်ဗျား သေသေချာချာမှ မစောင့်ကြပ်ဘဲ ကျုပ်ကိုဘာစိတ်ဆိုးဖို့ရှိသလဲ' လို့ ပြန်ပြောသတဲ့။

"ဒီတော့ သည်းမခံနိုင်ဘဲ လက်ထဲမှာပါတဲ့ တောင်ထန်းသားတုတ်နဲ့ အုပ်ဆက်ကိုချလိုက်တာ ဟိုလူပွဲချင်းပြီး သေတာပါပဲခင်ဗျာ၊ နောက်တစ်နေ့ကျတော့ ကျုပ်သူငယ်ချင်း ကျုပ်ဆီလာပြီး ကြောက်ကြောက်နဲ့ အကြံတောင်းရှာတယ်၊ သူ့အထင်ကဒီအမှုပေါ်လိမ့်မယ်၊ ရန်ကုန်ပုလိပ်များလည်း အလွန်မွတ်တယ်ထင်ပြီး ကြောက်တာကိုး၊ အဲဒီအမှုဟာ ဘိလပ်ကအပြန်မှာ ပထမတွေ့ရတဲ့အမှုပဲ၊ သူ့မယား

mgyoe.com

mgyoe.com
အတွက် စိတ်ပျက်ပြီး မိမိပြုမိတဲ့အမှုအတွက် အစိုးရထံ ဝန်ချပြီး အပြစ်ကိုခံချင်သလိုလို ပြောရှာတယ်၊ အင်မတန်ချစ်တဲ့မယားက ဖောက်ပြန်တော့ အရူးဖြစ်သွားတာပေါ့လေ၊ တစ်ဖက်က ခက်နေတာကလည်း မယားမှာအပြစ်ရှိမှန်းသိလျက် အချစ်ကမပြယ်၊ နောင် ဒီအကြောင်းတွေကို အများသိကြရင် သူ့မှာ ကြိုးပေးခံသေရမှာက အရေးမကြီးဘူး၊ မယားဖောက်ပြန်လို့ အခုလိုဖြစ်ရတယ်လို့ အများကဝိုင်းပြီး သူ့မယားကို ကဲ့ရဲ့ကြမှာလည်း အင်မတန်စိုးရိမ်နေတာပေါ့။

"ဒီတော့ ကျုပ်မှာလည်း အခက်တွေ့တာပဲ၊ တစ်ခါမှအမှုမရသေးသူမှာ ပထမအမှုဟာ အမှုကျုပ်ဖြစ်နေတာကိုး၊ ရာဇဝတ်မှုကျူးလွန်သူ တစ်ယောက်ကို အသိသားနဲ့ ကာကွယ်ထားရမယ်ဆိုတာ ကျုပ်စိတ်ထဲမှာ လိပ်ပြာမသန့်သလိုဖြစ်နေတာပေါ့၊ သို့သော်လည်းလေ သေသူလည်း သေပြီ၊ သေသူက သူ့မယားကိုခိုးမိပေတာကိုး၊ အမှုပေါ်ရင် ကိုယ့်သူငယ်ချင်းမှာလည်း ဒုက္ခဖြစ်မယ်၊ ဟိုမိန်းမမှာလည်း အရှက်ကွဲချည်ရဲ့လို့တွေးပြီး... 'သူငယ်ချင်း၊ ဘယ်သူမှမမြင်ရတဲ့ပြစ်မှုပဲ၊ ငြိမ်ငြိမ်နေရင် ပြီးရောပေါ့၊ မင်းမယားကို သဘောမကျရင် ပစ်လိုက်တာပေါ့' လို့ အကြံပေးရတာပေါ့။

"ဒီအကြောင်းတွေဟာလည်း နှစ်အတော်ကြာပါပြီ၊ အခုတော့ ဘာမှမဖြစ်နိုင်တော့ပါဘူး၊ ဒီအကြောင်းဟာလည်း အေးသွားတာပါပဲ၊ ကျုပ်သူငယ်ချင်းလည်း ကျုပ်စကားအတိုင်း သူ့မိန်းမကို တစ်နည်းနည်းနဲ့ကြံပြီး ကွာပစ်လိုက်ရရှာတယ်၊ ဒီမိန်းမမှာလည်း သူ့အပြစ်ပေါ်မှာကို အင်မတန်ရှက်ကြောက်ပြီး လင်ငယ်သေသည့်အတွက် လင်ကြီးကို ရန်မရှာပါဘူး၊ အကွာခံတာပါပဲ၊ နောက်သုံးနှစ်လောက်ကြာတော့ ဒီမိန်းမသေသွားရှာတယ်၊ ဒီနောက် ကျွန်တော့်သူငယ်ချင်းမှာ အလုပ်အကိုင်ဖြောင့်တန်း၊ စီးပွားလမ်းတည့်ပြီး ကြီးပွားနေတယ်၊ ဂုဏ်အသရေရှိ ကုန်သည်ကြီးတစ်ယောက် ဖြစ်နေပါတယ်၊ အခုအခါမှာတော့ ဒီလိုလူ တစ်ယောက်ဟာ မြန်မာလူမျိုးတို့၏ ဂုဏ်ထူးတစ်ခုပါပဲ။

mgyoe.com

mgyee.com

"ကျုပ်ဆိုလိုရင်းကတော့ စကားကို သတိမထားဘဲပြောရင် ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ပြောလိုတာပါ၊ အကယ်၍သာ ဟိုလူဟာ အထိမ်းအမှတ်စကားတစ်လုံးကို မပြောလိုက်ရင် ကျွန်တော့်သူငယ်ချင်းဟာ သောက်ရင်းစားရင်းကြွင်းတဲ့စကားတွေကို သတိမထားဘဲ မေ့မေ့လျော့လျော့ ပျောက်ပျက်သွားမှာပါပဲ၊ ဟိုလူပြောတဲ့စကားထဲမှာ ဒီအထိမ်းအမှတ်စကားက အစချီသလိုဖြစ်လာတော့ ကြွင်းတဲ့စကားတွေကို ကျုပ်သူငယ်ချင်းဟာ စိုက်ပြီးနားထောင်လိုက်တာပေါ့၊ ဒီစကားတစ်လုံးကြောင့် ပြောသူလည်းသေ၊ ဟိုမိန်းမမှာလည်း အကျိုးနည်း၊-ကျုပ်သူငယ်ချင်းမှာလည်း ငါလူကိုသတ်မိတယ်၊ ငါလူသတ်မှုကို ကျူးလွန်ခဲ့တယ်ဆိုတဲ့စိတ်ဟာ သူ့မှာ အရိပ်လိုလိုက်နေတာပဲ၊ အပြစ်မခံရတောင် လူကိုသတ်မိတယ်ဆိုတဲ့စိတ်ဟာ ဘယ်ချမ်းသာနိုင်တော့မှာတုံး၊ ဒီ့အတွက် စကားများဟာ အင်မတန် ကြောက်စရာကောင်းတာပဲ"

၎င်းပြောသော စကားများကို အားလုံးနားစိုက်၍ ထောင်ကြလေ၏။ ဝတ်လုံဖြစ်သဖြင့် အပြောကလည်း ကောင်းသောကြောင့် ဝတ္ထုလိုဖြစ်၍ နေလေ၏။ စကားအဆုံး၌ အားလုံးအဖြစ်အပျက် တရားလမ်းအကြောင်းကို ဆွေးနွေး၍ နေကြလေ၏။ အချို့က ဒီလိုဘယ်သူမှမသိအောင် ဖုံးပစ်လိုက်တာက ကောင်းတာပဲဟု ပြောကြ၏။ မမြကမူ...

"ဖောက်ပြန်တဲ့မိန်းမ အရှက်ကွဲမှာကို ဘာမှညှာနေစရာမရှိဘူး၊ လူကိုသတ်တဲ့လူလည်း ဘာမှညှာဖို့မသင့်ဘူး၊ ဒီလိုအမှုမျိုးကို (Hush) ထိမ်ချန်ထားတာ မတော်ဘူး"

ဟု ပြောလေ၏။ မမြသည် အိုင်အေအောင်သူဖြစ်လေရာ မြန်မာစိတ်ကူးမျိုးတွင် အင်္ဂလိပ်စိတ်ကူးပုံမျိုးတွေ ရော၍နေလေရာ တရားလမ်းမှန်ကို လိုက်လေရာ၌ အပြစ်ရှိသူများကို ညှာလိုသောစိတ်များစွာ မရှိသူတစ်ယောက်ဖြစ်လေ၏။ သို့ဖြစ်၍...

mgyee.com

mgyoe.com

"ဟိုမိန်းမဟာ အင်မတန်ယုံကြည်တဲ့ယောက်ျားအပေါ်မှာ သစ္စာဖောက်တဲ့မိန်းမပဲ၊ သင်းကို ဘာမှညှာဖို့မရှိဘူး၊ သူ့လင်ကကော ဘာပြုလို့ ဟိုလူကို သတ်ရသလဲ၊ လူကိုသတ်တဲ့လူဟာ ဘာကြောင့်ပဲသတ်သတ် လူဆိုးလူယုတ်ပဲ၊ လူထဲဝင်ဖို့မကောင်းဘူး၊ ကျွန်မတို့ ပရော်ဖက်ဆာကြီးများကတော့ ရာဇဝတ်မှုကြီးများကို ပြုသူများဟာ ဆေးဖော်ကြောဖက်၊ ပေါင်းသင်းဖက် မလုပ်ထိုက်ဘူးလို့ ဆုံးမတာပဲ၊ ကျွန်မဖြင့် ဒီလိုလူမျိုးကို ဘယ်တော့မှ ချမ်းသာမပေးဘူး၊ သုဘရာဇာနဲ့ပေါင်းမယ်၊ လူကိုသတ်ဖူးတဲ့လူနဲ့ မပေါင်းဘူး"

ထိုအကြောင်းကို ဆွေးနွေးနေခိုက်တွင် မမြနှင့် ထိမ်းမြားရမည်ဖြစ်သော ရန်ကုန်မြို့ဆိုင်ရှင်သူဌေးမောင်ထွန်းရောက်၍လာရာ အားလုံးထ၍နှုတ်ဆက်ကြလေ၏။ မမြမှာလည်း ဖိနှိပ်၍ထားရသော ဝမ်းသာလုံးကြောင့်တစ်ကြောင်း၊ အနီးရှိအဖော်များက တို့ကာ၊ ဆိတ်ကာ၊ မေးထိုးကာ ကစားကြသဖြင့်တစ်ကြောင်း မျက်နှာမှာ နီးမြန်းလျက်ရှက်ကိုးရှက်ကန်းပြုံးရယ်ကာ ထသွားတော့မည်အပြုတွင် အဖော်များက ဆွဲထားကြရလေ၏။

မောင်ထွန်းသည် မမြကိုအချစ်တွေ မိုးရွာသောမျက်လုံးများနှင့် ကြည့်ကာ ပြုံးလျက် ရပ်ကာနေလေ၏။ မောင်ထွန်းသည် ဝတ်လုံမောင်မြင့်ကိုမြင်လျှင် ပြေး၍ လက်ကိုဆွဲကိုင်လေ၏။

ဝတ်လုံက...

"အလို– ငါက မမြနဲ့ထိမ်းမြားမယ့်လူမော်ဟာ တခြားလူမှတ်တယ်၊ သူငယ်ချင်း မင်းကိုး၊ မတွေ့ရတာကြာလှပြီ"

ဟု ပြောလေ၏။

မမြက...

"ကိုမြင့်... ကိုထွန်းနဲ့သိသလား၊ ကျွန်မ သိပ်ဝမ်းသာတာပဲ"

ဟု ပြောလေ၏။

မောင်ထွန်းက...

mgyoe.com

mgyoe.com

"ကျောင်းနေဖက် ငယ်သူငယ်ချင်းကွဲ... မြရဲ့၊ တခြားလူမဟုတ်ပါဘူး"

ဟုပြောပြီး မောင်မြင့်ဘက်သို့လှည့်ကာ...

"သူငယ်ချင်း မင်းဘိလပ်က ပြန်ပြီးနောက် ငါဟာ မင်းရဲ့ ပထမဆုံး အကြံဉာဏ်တောင်းတဲ့အမှုသည်ပဲ၊ ငါ့ဒါကိုဘယ်တော့မှ မမေ့ဘူး"

ဟု ပြောလေ၏။

ဤစကားတစ်လုံးသည်လည်း မင်္ဂလာပွဲသဘင်ကို ဖျက်ဖို့ရန်သားရဲ့အရိုင်းကို နှောင်အိမ်မှလွှတ်လိုက်သလိုဖြစ်လေ၏။ မမြသည် မျက်လုံးပြူး၍ နေလေ၏။ ထို့နောက် မျက်နှာမှာ သွေးမရှိဘဲ အခန်းထဲသို့ ဝင်ပြေးလေသတည်း။

မှန်ရှေ့၌ထိုင်ကာ မျက်ရည်သုတ်လျက် လူသတ်ဖူးတဲ့ တစ်ခုလပ်မုဆိုးဖိုကြီးပါကလားဟု ကြောက်မက်ဖွယ်သောအသိဖြင့် မချိတင်ကဲဖြစ်ရှာလေသတည်း။

မောင်ထွန်းမှာလည်း မိမိ၏ စကားတစ်လုံးကြောင့် နစ်မွန်းလုခမန်းဖြစ်ကာ စိတ်ပျက်လျက် နောက်တစ်နေ့ ရန်ကုန်သို့ ပြန်သွားရလေသတည်း။

(၁၇-၈-၃၀)

mgyoe.com

mgyoe.com

# ခြူးနှားဘောင်း

"ဟော့ ရွှေဆော့ရေ– ရှေ့နှစ်ခါကျရင် တို့အိမ် ပျဉ်ထောင်သွပ်မိုးကွဲ့၊ မင်းအခုပန်တဲ့ ပယင်းနှားဘောင်းအစား၊ ခြူးနှားဘောင်းကြီး ပန်ရမယ် စိတ်သာချ၊ ငါ့သမီး နှင်းယုန်တော့ ပုလဲနားကပ် ရှစ်ဆယ်တန်၊ မိုးကြိုးခြေချင်းပေါ့ကွယ်၊ စိတ်သာချ ရွှေဆော့ရေ အိမ်ရှေ့က ခွေးသားသူတော်တော့ အခုကြွားပေစေဦး၊ ရှေ့နှစ်ကျမှ ပြလိုက်မယ် ရွှေရစ်တဲ့သိလား၊ ဘယ်လိုအကောင်စားမှတ်သလဲ၊ ငါ့သားရွှေစိန့်ကို ငါးရာကုန် ရှင်ပြုမယ် လူလုပ်လို့"

ဟု ကိုရွှေရစ်သည် သုံးပင်တိုင်တစ်ဖက်ရပ် ခပ်မတ်ကလေး နေနိုင်ရုံမျှရှိသော ဝါးပိုးတဲခေါင်းရင်း၌ တင်ပျဉ်ချိတ်ကာ ဒူးကိုနှန့်ရင်း မိမိနှင့်ဂုဏ်ပြိုင်ဘက်ဖြစ်သော အိမ်ရှေ့မျက်စောင်းထိုးသူတော်၏ အိမ်ကို မျက်စောင်းထိုးကာ ကွမ်းညှပ်နှင့် ကွမ်းသီးကိုညှပ်ရင်း ပြောလေ၏။

ရွှေရစ်သည် ကစော်မှူးသည့်အခါတိုင်း ဤကဲ့သို့ ကြုံးဝါးလေ့ရှိ၏။ ၎င်း၏အလုပ်မှာ ကစော်ကို အရက်ချက်သော အလုပ်ဖြစ်သော

mgyoe.com

mgyoe.com
ကြောင့် ကစော်မမှုးသည့်အခါ အရက်မှုးလေ့ရှိ၏။ အရက်မမှုးသည့် အခါ၌ကား ကစော်မှုးလေ့ရှိလေရာ နေ့စဉ်မှုး၊ နေ့စဉ်ကြုံးဝါးရင်း မိုး ဥတုနီး၍လာလေ၏။

ဆော့။ ။"ရှေ့နှစ်ခါ သွပ်မိုးပျဉ်ထောင်ဖြစ်လာမှာက မထောင်းတာ ဘူး ကိုရွှေရစ်ရဲ့၊ အခု မိုးလနီးလာပြီ သက်ငယ်များလည်း မရှိ သေးဘူး၊ ထင်းများကော လုံလောက်ပါ့မလား"

"မင်းပူစရာမရှိပါဘူး မိန်းမရယ်၊ အေးအေးနေစမ်းပါ၊ ဒီလိုချည်း နေလို့လည်း ဘာဖြစ်မလဲ၊ ငါ့မှာလည်း အကြံနဲ့ ဉာဏ်နဲ့ စိတ်ကူးနဲ့ပါ မိန်းမရယ်၊ မင်း အေးအေးသာနေပါ၊ ရှေ့နှစ်ခါ ခြုံးနားမြှောင်းကြီးနဲ့ သူတော့်မယား မိသက်ပုံတို့ရှေ့မှာ ဟန်ဓာတ်ခုတ်ပြဖို့သာ ပြင်နေပါ"

ရွှေရစ်သည် လူဆင်းရဲမျိုးမဟုတ်၊ ၎င်းအလုပ်၊ ၎င်း၏ အသောက် အစားအပျော်အပါးကို အမျိုးများက သဘောမကျသဖြင့် စွန့်လွှတ်၍ ထားသူဖြစ်လေ၏။

အရက်ချက်ခြင်း၊ ကြက်၊ ဘဲမွေးခြင်းအပြင် တစ်ခါတစ်ခါ ကြေး လက်စွပ်ကလေးများကို ရွှေရည်ပွတ်ပြီး ချက်ကျောက်ကလေးများတပ် ကာ တောရွာများကိုသွားပြီး ဆန်စပါးနှင့်လဲ၏။ ပန်းထိမ်မတောက်တ ခေါက်တတ်ခြင်းသည် ထိုအလုပ်မှာ အထောက်အပံ့ဖြစ်လေ၏။

သူတော်ကဲ့သို့ အလုပ်ကြမ်းဖြစ်သော လယ်အလုပ်ကို လုပ်နိုင်သူ မဟုတ်၊ လူရည်လူသွေးမှာ ချောချောမွတ်မွတ်၊ အသားဖြူဖြူ ပိန်ပိန် ပါးပါး ဆေးနီနှင့် ဝင်း၍နေသောကိုယ်မှာ အင်္ကျီမဝတ်ဘဲ လှ၍နေသူ ဖြစ်၏။ သျှောင်ချောကလေးထုံးလျက် ထိုးကွင်းမင်ကြောင်၊ စိမ်းရောင် စိုစို ဒူးကျကလေးများပေါ်အောင် အမြဲခါးတောင်းကျိုက်ကာ ဓားမတို တစ်ချောင်းနှင့် အိမ်နောက်ဖေးခြံထဲမှာ တစ်စုံတစ်ရာကို လုပ်၍နေလေ့ ရှိ၏။

၎င်းလုပ်သမျှကို မျိုးဂုဏ်၊ ဆွေဂုဏ်ကြောင့်လည်းကောင်း၊ အရပ် ကို ချစ်သောကြောင့်လည်းကောင်း၊ မိုက်ချင်လျှင် မိုက်ရဲသောကြောင့်

mgyoe.com
လည်းကောင်း ၎င်း၏ တဲနောက်ဖေး၌ လုပ်ကိုင်နေသော အလုပ်များ၌ ယစ်မျိုးပုလိပ်အရာရှိများ ဝင်စွက်မေးမြန်းစုံစမ်းခြင်း ပြုလေ့မရှိကြ။ (ယစ်)တွေကလည်း ရပ်ဆွေရပ်မျိုး (ယစ်)များ ဖြစ်လေရာ အေးအေးဆေးဆေး နောက်ဖေး၌ မီးခိုးတလူလူနှင့် နေလေ့ရှိ၏။

၎င်း၏ ဖောက်သည်များမှာလည်း ပုလိပ်များ၊ ယစ်၊ စာရေးစာချီများဖြစ်ကြလေရာ အိမ်နောက်ဖေးခြံထဲရှိ ကင်ပွန်းချဉ်၊ ရုံးပတီ၊ ဘူး၊ သခွား၊ ငရုတ်၊ ဆူးပုပ်၊ ချဉ်ပေါင်၊ ဒန့်သလွန်၊ ပေါက်ပန်းဖြူတို့အပြင် စည်းရိုးမှာ ဆီးကာသော ကျီးအာ၊ ကင်းပုံ၊ သပွတ်၊ ခဝဲ၊ ပဲဖောင်းလျား၊ ပဲပုစွန်တို့က မယားဖြစ်သူ ရွှေဆော့နှင့်သမီးကလေး၏ လုံ့လကြောင့် ကြီးပွားရှုံနေကြရာ စီးပွားပင်မဖြစ်သော်လည်း နောက်ဖေးကန့်အိုမှာ ငါးရစ်တက်သည့်အခါများ၌လည်းကောင်း၊ မိုးရာသီများ၌ လယ်ဆီကို ထုတ်လိုက်သည့်အခါ ရရှိသော ပုစွန်လုံး၊ ငါးသံချိတ်၊ ဒေါင့်ပဆစ်၊ ပီလိမ၊ ပုစွန်ဆိတ်ပေါက်စ၊ ငါးသလဲမွမွကလေးများနှင့် ရောစပ်သည့် အခါများ၌လည်းကောင်း ထမင်းနပ်စေ့အောင် လှလှပပ၊ ဝဝလင်လင် စားသောက်နိုင်ကြသဖြင့် လင်မယား၊ သားအမိ၊ သားအဖတို့မှာ ဤသုံးပင်တိုင် တစ်ဖက်ရပ်ကို နတ်ဘုံလိုထင်မှတ်၍ နေကြသောကြောင့် တစ်ခါတစ်ခါ ရွှေရစ်ကြုံးဝါးသည့်အတိုင်း ဤနေရာ၌ ဤတဲအစား ပျဉ်ထောင်သွပ်မိုးကြီးများ ရောက်၍လာချေက ပျင်းစရာဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ရွှေဆော့၏ စိတ်ထဲတွင် တွေးတောပူပန်မိရှာလေ၏။

သူတော်မှာ လယ်နှစ်တုံးထွန် နှစ်စဉ်လုပ်၏။ နွားသုံးရှဉ်းနှင့် နို့စားနွားမလေးကောင် ရှိ၏။ လယ်၊ ယာအလုပ်ပြီးစီးသောအခါများ၌ လှည်းသုံးစီးနှင့် အလုပ်လုပ်ရာ နွေရောမိုးရော ငွေရမှန်သဖြင့် ချမ်းသာလေ၏။ အိမ်မှာ ပျဉ်ထောင်သွပ်မိုးဖြစ်၏။

သို့ပါလျက် ဤမျှလောက် အခြေအနေ ခိုင်လုံသူတစ်ယောက်ကို တဲနှင့်နေရသော ရွှေရစ်က အဘယ့်ကြောင့် ဂုဏ်ပြိုင်နိုင်ပါသနည်းဟု မေးဖွယ်ရှိ၏။
mgyoe.com

mgyoe.com

သူတော်မှာ နွားနှိပ်စက်သဖြင့် ရသမျှမှာ နွားစာချည်း ဖြစ်ခဲ့ဖူးလေ၏။ လယ်လုပ်၍ ပြီးတော့မည်၊ တလင်းထဲမှာ စပါးပုံရတော့မည်၊ စပါးပုံမိလျှင် ငွေဖြစ်တော့မည့်ဆဲဆဲ စိတ်ချရသည့်အခါ၌ နွားဝါသနာပါသူဖြစ်ကြောင်းကို အများသိကြသည့်အလျောက် နွားပွဲစားများက စပ်ဖို့ အသင့်ရောက်၍ လာကြ၏။

သူတော်မှာလည်း နွားကောင်းကြိုက်တတ်သူဖြစ်လေရာ နွားကို မြင်ရလျှင် မဝယ်ဘဲမနေနိုင်သဖြင့် စပါးများကိုရောင်း၍ ပြီးလျှင်ပြီးချင်း စပါးရော၊ ငွေရော ပျောက်၊ နွားအသစ်ဝင်ရောက်ကာ ဖွတ်အဖြစ်သို့ ရောက်လေရာ တစ်မိုးလုံးလုပ်ပြီး တစ်နွေလုံး လှည်းမောင်းသော်လည်း နွားတင်းကုပ်၌ ပို၍နေသော နွားများအား ကိုယ်တိုင်မြက်ရိတ်၍ ကျွေးရသော ဝန်ပိုတစ်ခုမှတစ်ပါး စီးပွားမပို၊ မလိုတာလို၊ လိုတာမှာ ပို၍သာ နေရသူဖြစ်ရလေ၏။

၎င်းသည် တိရစ္ဆာန်နှင့် လွန်စွာသင့်၏။ ၎င်းလက်၌ တစ်နယ်လုံးကျော်ကြားသော နွားကောင်းများရှိ၏။ ကြိုးဇုလွှတ်လျှင် ကျားထက် ကြောက်စရာကောင်းသော ခွေးစွမ်းကောင်းရှိ၏။ လူရိုး၊ လူကောင်း လည်းမှန်၏။

သို့သော်လည်း မချမ်းသာနိုင်သောကြောင့် မိမိ၏နွားဝါသနာအကျင့်ကို အပြစ်မထားဘဲ ရွှေရစ်ကိုမှန်းထားကာ ဂုဏ်ပြိုင်၍နေ၏။ သို့ဂုဏ်ပြိုင်ခြင်းမှာ ရွှေရစ်အမြဲကြုံးဝါးသော ပျဉ်ထောင်သွပ်မိုး၊ ခြံနားငှောင်းများကြောင့် ဖြစ်လေသည်။

ထို့ပြင် ဘိုးသူတော် မကြီးပွားခြင်းမှာ အဖျက်အဆီးများကြောင့်လည်း ဖြစ်၏။ လွန်ခဲ့သောနှစ်က ကျားကြီးခေါ်သောနွား မြွေကိုက်၍ သေ၏။ ဟိုအရင်တစ်နှစ်က ရာကျော်ခေါ်သောနွားပေါက်ကလေးမှာ ပြန်ပေးလက်တွင် သေဆုံးခဲ့၏။ ယခုနှစ်မှာ လေးကျွန်းခေါ်သောနွားကို ရပြန်သဖြင့် ခေါင်းပေါင်းစထောင်၍နေ၏။

mgyoe.com

mgyoe.com

ရွှေရစ်က ဘယ်တော့ ခွာနာရှာနာ သင့်မလဲဟု ကြည့်နေ၏။ တစ်ခါတစ်ခါ ရွှေရစ်က သူတော်ကို ပြန်ကြည့်ကာ "ဒီအကောင့် ဝီရိယ မျိုးဟာ ချမ်းသာလောက်တာပဲ၊ ငါလို ဉာဏ်မရှိလို့ ခွကျနေတာပဲ"

ဟု ပြောလေ၏။

ထိုကဲ့သို့ပြောသောစကားကို သူတော်ကြားသဖြင့် တစ်နေ့သ၌ ရွှေရစ်ကို လမ်းမှာတွေ့သောကြောင့် သူတော်က...

"မင်း ငါ့ကို ဒီလို ဒီလိုပြောတယ်ဆို"

ဟု မေးရာ ရွှေရစ်က...

"အေး... မပြောဘဲနေပါ့မလား၊ မင်း ဒီလိုသာလုပ်နေရင် မင်း သမီး ငါ့သားလို ယောကျ်ားကောင်းကို ဘယ်တော့မှရမှာမဟုတ်ဘူး၊ မင်းသားလည်း အင်း..."

သူတော်။ ။"မင်း သမီးလို..."

ရစ်။ ။"ဟင့်အင်း... မိန်းမကောင်းရဖို့ အခက်သားပဲ။ နွားစိတ်စွဲ အားကြီး နွားဖြစ်မှာပေါ့၊ မင်းလယ်အလုပ်နဲ့ စပါးတိုက်တဲ့ အလုပ်ကို လုပ်တဲ့အကောင့်၊ ဒီအလုပ်တွေကို လုပ်ဘာထက် နွားတွေ ကို ပိုဝယ်ရင် ကျားကျွေးဖို့လား၊ တစ်နွေက ခုန်ကြီးမှာ နွားတစ်ကောင် ကျားချီသွားတယ် ကြားတယ်"

သူတော်။ ။"ဟေ့... ရွှေရစ်၊ ဘုရားစာမချနဲ့၊ ငါသိတယ်၊ မင်းတဲကိုသာ မင်းကြိုးစားသလို ပျဉ်ထောင်သွပ်မိုးဖြစ်အောင် လုပ်ပါ၊ ငါ့ နွားတွေအတွက် မပူနဲ့၊ နွားကောင်းမွေးရတာ ကျက်သရေကွဲ့"

ရစ်။ ။"ကျက်သရေ ဟုတ်ပါရဲ့၊ ဖုန်ပေတာက ခက်တယ်၊ နွေ ပေါက်တဲ့အခါ တစ်ရွာကတစ်ရွာကူးပြီး အလှူပွဲတွေဟူ သမျှမှာ မင်းနွားကောင်းကြောင်း ဖုတ်တထောင်းထောင်းမှာသွားပြီး မောင်းကြရတာ ဘယ်လောက်ဒုက္ခကြီးပြီး ဘယ်လောက်အလုပ်ပျက် တယ်ဆိုတာ သိရဲ့လား..."

mgyoe.com

mgyoe.com

"ငါ့အလုပ်ပျက်တာ အရေးမကြီးဘူး၊ မင့်တဲ တောင်ဘက်ကို စောင်းနေပြီ"

ဟု ဘိုးသူတော်က ရယ်မောပြောဆို၍သွားလေ၏။ ဘိုးသူတော် အိမ်ကို ရောက်သောအခါ အတော်ကလေး စဉ်းစားမိ၏။

သို့ဖြစ်၍ ရွှေရစ်၏ စကားအတိုင်း နွားအလုပ်ကို လျှော့လိုက်ရာ နောက်သုံးလေးနှစ်အကြာတွင် သူတော်မှာ နွားဒုက္ခမှကင်းလွတ်ပြီး သူတော်၏အိမ်မှာ ပျဉ်ထောင်သွပ်မိုးကြီး ဟိန်း၍နေလေ၏။ ရွှေရစ်မှာမူ မိုးမလုံသော တဲ၌ရှိနေသေးလေ၏။

သို့သော်လည်း ရွှေရစ်မှာ ကြုံးဝါးရုံမှတစ်ပါး တစ်စုံတစ်ရာကိုမျှ ထိထိရောက်ရောက် မလုပ်ခဲ့ချေ၊ သူတော်မှာမူ ပျဉ်ထောင်သွပ်မိုးသာမကပဲ ပုသိမ်မြို့က ဂျာမန်စက်သုံ့ငွေးကြီးတစ်ယောက်နှင့် အကြောင်းအပေါင်းသင့်၍သွားသဖြင့် သူဌေးကလေးတစ်ယောက် ဖြစ်၍လာလေ၏။ သို့သော်လည်း ရွှေရစ်၏စိတ်၌ အဘယ်လိုမှသဘောမထား "ခွေးမသား လူချမ်းသာဖြစ်သွားမှကိုး" ဟူ၍သာ တစ်ခါတစ်ခါ မိန်းမဖြစ်သူအား ပြောမိလေ၏။ မိမိမှာမူ ကစော်မူးသည့်အခါတိုင်း...

"ဟေ့– ရွှေဆော့ရေ၊ ရှေ့နှစ်ခါ တို့အိမ် ပျဉ်ထောင်သွပ်မိုးကွဲ့၊ မင်း ပယင်းနားငွေ့ဝင်းအစား ခြူးနားငွေ့ဝင်းကိုပန်ရမယ် စိတ်သာချ၊ ငါ့သမီးနှင်းယုန်တော့ ရှစ်ဆယ်တန်ပုလဲနားကပ်နဲ့ မိုးကြိုးခြေချင်း၊ ငါ့သား စိန်ရွှေကို ငါးရာကုန် ရှင်ပြုမယ်"

ဟူသော ကြုံးဝါးခြင်းနှင့်သာ ကိစ္စချော၍ နေလေသတည်း။

ထိုကဲ့သို့ နောက်ဆုံးတစ်ခါ ကြုံးဝါး၍နေသောညဉ့်၌ ဆူဆူညံညံတွေကို ကြားကြလေရာ ထိုအသံများသည် သူတော်တို့အိမ်ဘက်က လာသော အသံများဖြစ်သည်ကို သိရလေ၏။

"ကယ်တော်မူကြပါ ကယ်တော်မူကြပါ၊ အမယ်လေး ချမ်းသာပေးပါတော့ ကြောက်လှပါပြီခင်ဗျာ၊ အသက်ကို ချမ်းသာပေးပါခင်ဗျာ၊ ထိန်း... ထိန်း... ခဆိုင်သူကွင်း ဆိုင်ရာကွယ်မယ်"

mgyoe.com

mgyoe.com

ရွှေရစ်သည် သားစိန်ရွှေကိုခေါ်ပြီး…

"ဟော့– မဖြစ်ဘူး၊ ဒီလိုနေလို့မတော်ဘူး၊ တစ်ရွာလုံးဘယ်သူမှ မထွက်ဘူး၊ ဟိုခွေးသား သူတော့်ကို ဓားပြတိုက်နေပြီ၊ တစ်ရွာလုံးထွက်ရင် ဓားပြလေးငါးဆယ်ယောက်ကို နိုင်မှာပဲ၊ သင်းတို့မထွက်ရင် တို့ထွက်မယ်၊ လာ ငါ့သား၊ မကြောက်နဲ့၊ နောက်ဖေးမှာ ထောင်ထားတဲ့ ကိုင်းခုတ်ဓားကိုယူ၊ လာ ဖေဖေတော့ ဟောဒီလင်ကင်းဓားပဲ"

ဟုပြောပြီး မကြာမီ သားအဖနှစ်ယောက် တားမြစ်သော ရွှေဆော့နှင့် နှင်းယုန်တို့၏စကားကို နားမထောင်ဘဲ တဲထဲမှထွက်ပြီး သူတော်တို့အိမ်နှင့် မနီးမဝေးတောစပ်၌ စောင့်၍နေကြလေ၏။

အသံများစဲ၍ သွားလေ၏။ မကြာမီ ဓားပြများထွက်၍လာကြလေ၏။ ဟောစပ်ကျသောအခါ ရန်းရင်းဆန်ခတ်ဖြစ်ကြလေ၏။

သေနတ်များမှာ ယမ်းတောင့်ကုန်သောကြောင့်ပေလော၊ သို့မဟုတ် ပစ္စည်းကိုရပြီး၍ တစ်ရွာလုံးကလည်း ငြိမ်၍နေသဖြင့် စိတ်ချ၍ မသုံးဘဲနေသောကြောင့်လားမသိ၊ ဓားပြများသည် သေနတ်များကို အသုံးပြုခွင့်မရမီ ဓားသမားသားအဖ တောဝမှအတင်းဝင်၍ရမ်းလေရာ ဓားပြခုနစ်ယောက်မှာ ရန်သူကို မမျှော်လင့်သောနေရာ၌မြွေကိုက်ခံရသလို ပျက်စီးသေဆုံးခြင်းသို့ တစ်ယောက်မကျန်ရောက်ကြလေသတည်း။

ရွှေရစ်တို့သားအဖလည်း ဓားပြများထံမှရရှိသော လက်ဝတ်လက်စား၊ ရွှေငွေပစ္စည်းများကို တုပ်နှောင်ထားခြင်းခံနေရသော သူတော်တို့လင်မယား၊ သားအမိ၊ သားအဖထံ သွားကြပြီးလျှင် အကုန်အစင်ပြန်၍ပေးကြလေသတည်း။

သူတော်။ ။"ကိုင်း– သူငယ်ချင်း၊ မင့်သားနဲ့ ငါ့သမီးက မူစရာမဟုတ်ပါဘူး"

ရစ်။ ။"ငါလည်း ငွေဓားရ ငါးရွာပိုင်သူကြီး၊ အထူးအာဏာရဒင်္ဂါးငွေ ၅ဝိ– ထောင်ခြောက်လချနိုင်တဲ့ သူကြီးပဲ၊ သို့သော်လည်း သင်းတို့ကလေးချင်း ကြည်ဖြူကြရင် ငါ မကန့်ကွက်ပါဘူး"

mgyoe.com

mgyoe.com

ဟု ပြောလေ၏။

ထို့နောက် များမကြာမီ တဲကလေးနေရာ၌ ပျဉ်ထောင်သွပ်မိုးဖြစ်ပြီး၊ ရွှေဆော့မှာ ခြုံနားမှောင်းကြီးနှင့် တခါခါနေလေ၏။ ဥပုသ်ဇရပ်များ၌ နှင်းယုန်မှာ မိုးကြိုးခြေချင်း၊ ပုလဲနားကပ်နှင့် တရွဲရွဲမတ်၍ နေလေ၏။ စိန်ရွှေမှုကား ရှင်လူထွက်ပြီး သူတော်သမီးနှင့် စတိုင်ကြီး၍ နေလေသတည်း။

(၀၄-၉-၃၀)

mgyoe.com

mgyoe.com

# သူ့အဖေ့အသံ

တစ်မိုးလုံးပိတ်မှောင် နေအရောင်ညှိုးမှိန်လျက် မိုးသည် တဖွဲဖွဲ၊ တစိမ့်စိမ့်ရွာ၍နေလေ၏။ ဂျိုးဂျိုး၊ ဂျိမ့်ဂျိမ့်နှင့် ပဇ္ဇုန်နတ်တွေ ဒိုးလိုမ့်၍ ကစားသည်ဟူ၍လည်းကောင်း၊ တစ်ချက်တစ်ချက် ဝင်းခနဲ၊ လက်ခနဲ လျှပ်စစ်ရောင် ရဲခနဲပြက်သည့်အခါ မိုးပေါ်၌ အာရုံအီးတီတဲ့တဲ့ရထားများ အပြင်းမောင်းလျက် ဓာတ်မီးရောင် ဝင်းခနဲလက်သည်ဟူ၍လည်းကောင်း၊ ကလေးသူငယ်တို့၏ စိတ်၌ မှတ်ထင်ဖွယ်ဖြစ်လောက်အောင် အာကာသကောင်းကင်မှာ သောင်းကျန်း၍နေလေ၏။

ဘိုးအိုသည် သေးငယ်သော ပြတင်းပေါက်ကလေးမှ မှေးမှိန်စွာဝင်သော အလင်းရောင်တွင် ဂျာစီအင်္ကျီလက်တို ပခုံးအစုတ်ကို ကုန်းလျက်ချုပ်ရင်း မျက်လုံးထဲတွင် လှပသော မျက်နှာကလေးတစ်ခုကို ထင်မြင်ကာ “လှစိန်–လှစိန်” ဟု တွေး၍နေလေ၏။

mgyoe.com

mgyoe.com

လှစိန်သည်ကား ဘိုးအိုနှင့် နီးလျက်ဝေး၍နေသူကလေး ဖြစ်လေ၏။ အကြောင်းမူကား… ပါးလွှာသော နံရံသည် ဘိုးအို၏စိတ်၌ မြင့်မိုရ်တောင်ကြီးသဖွယ် ဖြစ်၍နေလေသတည်း။

ဣန္ဒြေကို စောင့်စည်းကာ မခုတ်တတ်သော ကြောင်ကလေးလုပ်လျက် အင်မတန်ရိုး၊ အင်မတန်ပိပြား၊ မိန်းမကလေးလို အင်မတန်မှ သိမ်မွေ့ပါကလားဟူသော ချီးမွမ်းခြင်းကို ခံရလောက်အောင် ငြိမ်သက်၍ နေခြင်းသည် အတွင်း၌ လှစိန်အတွက် သောင်းကျန်း၍ နေသမျှတို့ကို အနိုင်နိုင်လုံအောင် ဖုံးလွှမ်းရသော အမူအရာဖြစ်လေ၏။

လှစိန်သည်ကား ဘိုးအို၏စိတ်အရှိကို ရိပ်မိရုံမက ကျိတ်ခါအသိဖြစ်လေ၏။ သို့သော်လည်း ဘိုးအိုထက် ပညာရေး၊ သတ္တိစွမ်းရည်ရေး၊ အစစ၊ အရာရာမှာသာ၍ ယောကျ်ားပီသသော ဖေမြင့်က လှစိန်၏ နှလုံးကို တစ်ဖက်မှ ရူပါရုံစက်ကြိုးဖြင့် ရစ်ပတ်ကာဆွဲ၍ ထားလေရာ ဘိုးအို၏စိတ်၌ ဖြစ်ပွား၍နေသမျှကို သိလျက်နှင့်ပင် ရက်ရက်ရောရော အားနာ၍ ညွှတ်ယိမ်းလိုက်ပါရန် စိတ်အားမသန်ဖြစ်နေလေ၏။

ဘိုးအိုမှာ နာမည်က အိုသော်လည်း ရုပ်မှာမအို၊ အပြင်အပအများထင်ကြသည်နှင့် ညီလျော်စွာ သနားကမား ဖြူဖြူဖောဖော မော်လမြိုင် မွန်ချော တစ်မျိုးဖြစ်လေ၏။ အချို့က ခံ့ညားသော ဖေမြင့်ထက် လှသည်ဟု ပြောကြလေ၏။ "ဖေမြင့်က မာသည်၊ ဘိုးအိုက ပျော့သည်" ဟု အချို့က ထင်မြင်ချက်ပေးကြလေရာ ဘိုးအိုမှာ အများအပြောနှင့်ညီအောင် ပျော့သည်ထက်ပျော့၍နေရလေ၏။

၎င်းတို့နှစ်ယောက်မှာ ကျောင်းနေဖက် ဖြစ်ကြလေ၏။ သို့သော်လည်း လှစိန်နှင့်ပတ်သက်၍ နှစ်ယောက်စလုံးမှာ တန်းစပြုကြရာ ဘိုးအိုမှာ တစ်အိမ်တည်းအခန်းချင်းယှဉ်၍ နေရသူဖြစ်သောကြောင့် ရပ်ကွက်ခြားသူဖြစ်သော ဖေမြင့်မှာ လှစိန်အတွက် စိတ်မချနိုင်အောင် ရှိရှာလေသတည်း။

mgyoe.com

mgyoe.com

စင်စစ်မှာလည်း ဤအရာမျိုးနှင့် နီးခြင်းသည် ထိခြင်း၊ ငြိခြင်းနှင့် ဝေးခြင်းထက် ပိုမို၍နီးလေရာ လှစိန်မှာ နှစ်ယောက်စပ်ကြားတွင် ဗျာများ၍ နေလေ၏။ သို့သော်လည်း လူကြီးမိဘတို့က ဘိုးအိုဘက်သို့ ပါကြလေရာ လှစိန်မှာလည်း အမျိုးကောင်းသမီးပီသစွာ ဘိုးအိုကို ပိုမိုလိုလားသလို ဖြစ်၍နေလေ၏။

သို့သော်လည်း နှစ်ယောက်စလုံးမှာ အလွန်တရာ စည်းစောင့်ကြလေရာ နှစ်ယောက်ချင်း တစ်ကြိမ်တစ်ခါမျှ မတွေ့ရ၊ လှစိန်၏ မိဘများက ထိုနေ့မှာကဲ့သို့ စိတ်ချ၍ သွားတတ်စေကာမူ လှစိန်သည် ဘိုးအိုနှင့် အတွေ့ကို ရှောင်ခဲ့လေ၏။ ဘိုးအိုမှာကား ဣန္ဒြေလုပ်ရသည်မှာ ကြာလှပြီဖြစ်ရကား ထိုနေ့၌ တောင်တောင်မြောက်မြောက် တွေးစပြုလေ၏။

"သင်း... ငါ့ကို ဖေမြင့်ထက် ချစ်တာတော့ အမှန်ပဲ၊ နို့ပေမဲ့ မတွေ့ရတာက ခက်တာပဲ၊ ဖေမြင့်ကိုလည်း သင်းနည်းနည်းတော့ ကြိုက်တယ်ထင်တာပဲ၊ အခုလိုအနေမျိုးမှာ ဦးရာဘက်ကို ပါတတ်တာ မျိုးမို့ မတော်တဆ တစ်နေရာရာမှာ ဟိုအကောင်နဲ့တွေ့ရင် သူ ငါ့ကို မေ့ချင်မေ့မှာပဲ၊ အခုနေများ တွေ့ရရင် သိပ်ဟန်ကျမှာပဲ၊ အိမ်မှာလည်း ဘယ်သူမှမရှိဘူး၊ ဖေဖေလည်း ဘယ်သွားမှန်းမသိဘူး၊ မတော်တဆ ဟိုအကောင်နဲ့ ညားသွားရင် သိပ်နမြောစရာကောင်းမှာပဲ၊ ဟိုအကောင်က ကြမ်းကြမ်းတမ်းတမ်းနဲ့" စသည်ဖြင့် တွေးလေ၏။

ဘိုးအိုမှာ သိမ်မွေ့သော ယောကျ်ားကလေးဟူသော ဂုဏ်သိက္ခာကို လွန်စွာနမြော၏။ မြန်မာစာပေအရာ၌လည်း ဒိုင်အိုကျောင်းသား ဖေမြင့်ထက် တတ်လေရာ တစ်ဦးတည်းသော သားကို ဂုဏ်တင်သော ဖခင်ကလည်း အရာရာမှာမြှောက်စားသဖြင့် ပရိသတ်အလယ်၌ လက်ချာများတောင် ပေးဖူးလေ၏။ ဖေမြင့်မှာကား ကစားအမျိုးမျိုးနှင့် ပျော်သူဖြစ်လေရာ ၎င်းမှာအနှစ်မရှိ(မာဆယ်)အကြောတွေသာ ရှိသည်ဟု ဘိုးအို၏စိတ်၌ အယူရှိလေ၏။

mgyoe.com

mgyee.com

"တော်တော့် ယောကျ်ားကလေးဆိုရင် ဘာအခုလိုနေမလဲ၊ တစ်ဖက်ခန်းကလည်း အပျိုကလေး၊ တခြားကာလသားကလေးများလိုဖြင့်ရင် ခက်ကုန်တော့မှာပေါ့၊ မောင်ဘိုးအိုကလေးဟာ အင်မတန် ဣန္ဒြေရှိပေတာပဲ" ဟူသော စကား၏အရသာသည် ပြေးပွဲ၊ ခုန်ပွဲ၊ အားစမ်းပွဲနှင့်ပတ်သက်၍ သတင်းစာများ၌ပါရှိသော ဖေမြင့်၏ရုပ်ပုံကို ဖေမြင့်မြင်ရသော အရသာထက် ဘိုးအို၏နားမှာ ပိုမိုနှစ်လိုဖွယ်ရာဖြစ်လေရာ အသည်းထဲ၊ အူထဲမှာ လှစိန်အတွက် ကြိုးကြိုးကျိုကျိုဖြစ်နေသမျှတွေကို နှိမ်ချိုးကာနံရံအပေါက်မှ လှစိန်ကို နေ့စဉ်ချောင်း၍ ကြည့်ခြင်းအလုပ်မှတစ်ပါး လျှပ်ပေါ်ခြင်းဟူ၍ လုံးလုံးကင်းရှာသူကလေး တစ်ယောက် ဖြစ်လေ၏။

ထိုနေ့၌ကား လှစိန်မှာလည်း တစ်ယောက်တည်း၊ မိမိမှာလည်း တစ်ကိုယ်တည်းဖြစ်လေရာ တွေ့များတွေ့ရလျှင် အဘယ်လိုဖြစ်မည်ကို ဆင်ခြင်၊ ထင်မြင်၍မဆုံးဖြစ်ပြီး အပ်ကိုမှန်မှန်မထိုးနိုင်ဘဲ နေလေ၏။ ဘိုးအိုသည် မိန်းကလေးများ တတ်အပ်သော ပညာရပ်များ၌ မိန်းကလေးများ မသာဘူးဟူသော ဘွဲ့ထူးတစ်ခုကိုလည်း ရ၍ထားလေ၏။

ထိုကဲ့သို့ တွေးတော၍နေရာမှ "အဟင်း" ဟု မိမိ၏ ကြီးကောင်ဝင်သောအသံကြီးနှင့် ချောင်းဟန့်လိုက်လေရာ "ဦးကြီး"ဟုခေါ်သော သာယာသောအသံကလေးသည် တစ်ဖက်မှ ပေါ်ထွက်လာသည်ကို ကြားရလေ၏။ ဘိုးအိုသည် အံ့အားသင့်လျက် ဆိတ်ငြိမ်တွေဝေ၍ နေလိုက်လေ၏။

နောက်တစ်ခါ ချောင်းဟန့်ပြန်လေ၏။ တစ်ဖက်မှ "ဦးကြီး" ဟု လှစိန်က ခေါ်ပြန်လေ၏။

"အင့်ဟင်... ငါ့အသံဟာ ဖေဖေ့အသံနဲ့ တူနေပါကလား၊ အသံကြီးလာလိုက်တာ၊ ဒါကြောင့် ဒေါ်ပိုက ငါ့ကိုကြီးကောင်ဝင်တယ် ပြောတာပဲ၊ အသက်နှစ်ဆယ်ကျမှ ကြီးကောင်မဝင်ရင်လည်း..." ဟု တွေးပြီး ငြိမ်နေလေ၏။

mgyee.com

mgyoe.com

သို့တွေးရင်း... "အလယ်... နေရာကျပြီ၊ ငါ့ကိုသူ ဖေဖေထင်လို့ပဲ၊ ဖေဖေ့ကိုတော့ သူခင်တယ်၊ အရောတဝင်လည်း နေတာပဲ၊ ဖေဖေ့ဟန်ဆောင်ပြီးခေါ်ရရင် သင်းလာမှာပဲ၊ လာရင် မိုးလေကသည်း၊ ငါကဆွဲ၊ သူလည်း ငြိမ်နေမှာပဲ၊ ဘယ်သူမှလည်း သိမှာမဟုတ်ဘူး၊ သူ့အခန်းထဲကို ငါကျော်ကျော်ကျူးကျူးသွားလို့ နှောင်ပေါ်ပေါက်ရင်သာ ရှက်စရာကောင်းမှာ၊ အခုလိုဉာဏ်ဆင်ပြီး သူလာအောင်လုပ်လို့ ငါ့အခန်းထဲမှာ တစ်ခုခုဖြစ်သွားရင် နှောင်... လူအများတောင် ငါ့ကိုကဲ့ရဲ့ကြမှာ မဟုတ်ဘူး၊ မောင်အိုက အင်မတန်ဣန္ဒြေရှိတာ၊ ကောင်မကကဲလို့၊ သင်း ကမြင်းလို့ ကောင်ကလေးက လိုက်ရောမိတ္တာပေါ့လို့ ပြောကြမှာပဲ၊ ငါက အဖိုးတန်ယောကျ်ား၊ စံပယ်ငုံဆိုတဲ့နာမည်နဲ့ သတင်းစာထဲမှာ နှစ်ခါပါခဲ့တဲ့ယောကျ်ား၊ ဟိုအကောင်မျိုးလိုအညတရ မဟုတ်တော့ ကိုယ့်ဂုဏ်ကိုလည်း ကြည့်ရသေးတာ၊ ဒီတော့ ငါက ငါ့ဆီကိုလာအောင် ခေါ်ယူရင် ဘာဖြစ်ဖြစ် ကြောက်စရာမရှိဘူး၊ ငါ့အခန်းထဲ သင်းရောက်လို့မှ ငါဘာမှအစွမ်းမပြရင် ငါဘာအသုံးကျတဲ့အကောင်လဲ၊ ငါ့ဆီကိုလာလို့ တစ်ခုခုဖြစ်ရင် ငါ့ဂုဏ်မပျက်ရုံမက ငါ့ဂုဏ်သာပြီးတောင် ကြီးဦးမှာပဲ။ "မောင်အိုကလေးအခန်းကို အပျိုတက်လို့ အပျိုတက်လို့" ဆိုတာ သတင်းစာတွေထဲ ရုပ်ပုံနဲ့ပါ၊ ဟိုခွေးသားလက်မောင်းကလေးပွပြီး ပြတာနဲ့ ဘယ်ဟာက ပိုပြီးကြည့်ကောင်း၊ ဖတ်ကောင်းမှာပဲ၊ သင်းက ဟိုအကောင်ဘက်ကို နည်းနည်းပါချင်တာ ငါသိတာပဲ၊ မိန်းမဆိုတာ တို့လိုသိမ်သိမ်မွေ့မွေ့ယောကျ်ားကလေးများကို အနုံထင်တယ်၊ ဗိုလ်ဆန်ဆန်ဟောဟောရမ်းရမ်းမှ ကြိုက်ချင်တာ၊ သိရောပေါ့ လှစိန်ရယ်၊ ဟိုအကောင်များ အိမ်ရှေ့လျှောက်သွားရင် အသံကျယ်ကျယ်နဲ့ စကားပြောရတာတစ်မျိုး၊ ကိုယ်ယောင်ပြရတာက တစ်ဖုံ" စသည်ဖြင့် တွေးပြီး ချောင်းဟန့်လိုက်ပြန်လေ၏။

"ဦးကြီး... ဦးကြီးက နားမကြားဘူး၊ နှာထိုင်းနေတယ် ထင်ပါရဲ့"

ဘိုးအိုသည် အံကြိတ်ခါပြုံးပြီး အရဲစွန့်ကာ...

mgyoe.com

mgyoe.com

"ဘယ်သူလဲ လဟာ့ လှစိန်လား..."

"ဟုတ်တယ် ဦးကြီးရဲ့၊ ဦးကြီးတို့အိမ်က ဘယ့်လူမှမရှိဘူးမှတ်လို့ ကျွန်မကလည်း တစ်ယောက်တည်း မိုးတွေမှောင်နေတော့ ကြောက်နေတာပဲ ဦးကြီးရဲ့၊ အခုမှ အသံကြားလို့ အားရှိလာတာပဲ"

"ကျားမရဲ တစ်၊ လူမရဲ ဟာစ် ဆိုတာလို တူမက ဟာစ်တာလား"

"နို့– ကြောက်တာကိုး ဦးကြီးရဲ့၊ ဦးကြီးဘာလုပ်နေလဲ"

"ဟိုအကောင့် ဂျာစီအကျီ စုတ်နေလို့ ဦးကြီးပဲ ကြည့်ချုပ်နေရသဟာ့၊ အေး– ကြောက်စရာပေပဲ၊ အိမ်ကအဲစွန်းလည်း ကျနေတာကိုး"

"ဟုတ်တယ်ဦးကြီးရဲ့၊ ကျွန်မတို့ဟိုဘက်ဆိုရင် တရုတ်သချိုင်း၊ သချိုင်းကျော်ရင် တာမွေ၊ ဘောက်ထော်ရှိတော့တာပဲ၊ ကျွန်မဖြင့် မြို့ထဲသာပြောင်းချင်တာပဲ"

"ဒီကအေးတယ်ဟဲ့၊ ဒါထက် တူမ ဘာလုပ်နေသလဲ၊ ဦးကြီး မျက်စိကမှုန်၊ မိုးကလည်းအုံ့တာနဲ့ အပ်ပေါက်တောင် မမြင်ရဘူး"

ဟု သံစုံဆရာပမာ ပါးစပ်ကို လက်နက်ကူကာ အသံကြီးကြီးနဲ့ အဖေ့အသံကို တူအောင်လုပ်ကာ ပြောလေ၏။

"ဦးကြီး ဘာဖြစ်သလဲ၊ နှာခေါင်းသံပါသလိုလို နှာစေးတယ်ထင်ပါရဲ့"

"နေမကောင်းဘူး တူမကြီး တစ်ဆိတ်လက်အားရင် အပ်ပေါက်ကလေး လာထိုးပေးစမ်းပါ၊ မမြင်လို့"

"ဟုတ်ကဲ့ ဦးကြီး၊ ဦးကြီးသားကော"

"ဘုရားသွားတယ် ပြောတာပဲ၊ တူမအားရင် ခဏ"

"ဟုတ်ကဲ့ဦးကြီး ကျွန်မလာပါ့မယ်၊ မမေ့ထဘီကလေး ခေါက်ပါရစေဦး"

ဟုပြောပြီး ဆိတ်ငြိမ်၍နေလေ၏။

ဘိုးအိုမှာ ရင်ထဲတွင် ကတုန်ကယင်ဖြစ်၍ နေလေ၏။

mgyoe.com

mgyoe.com

"သင်းတော့ လာတော့မှာပဲ၊ လာရင်တော့ ပိုင်တာပဲ၊ သင်းအော်ပေမဲ့ ဘယ်လူမှကြားမှာမဟုတ်ဘူး၊ အော်မှာလည်းမဟုတ်ပါဘူး၊ ဘာဖြစ်လို့ အော်ရမှာတုံး၊ လှစိန်–လှစိန် ယနေ့တော့ မင်းကလေး" စသည်ဖြင့် တွေးကာ အသက်မရှူဘဲ နားစွင့်၍နေလေ၏။ နှလုံးသွေးခုန်သံကိုပင် နားၐကြားရလေ၏။ ထိုအခိုက် လေသံသည် သည်း၍လာလေ၏။

အတန်ငယ်ကြာသောအခါ အိမ်ရှေ့ခန်း ခေါက်တံခါးဖွင့်သံကိုကြားရ၏။

ဘိုးအို၏ နှလုံးအတွင်းမှာ မော်တာစက်ယန္တရား အကြမ်းသွား၍နေလေ၏။ အခန်းထဲကို ဝင်လျှောက်၍လာသော ခြေသံမှတစ်ပါး အခြားအဘယ်အသံကိုမျှ မကြားရတော့ချေ။

"အပြင်ခန်းကို ငါမထွက်၊ အတွင်းခန်းကို သင်းရောက်အောင်လာရမည်၊ 'ကေသရာ ခြင်္သေ့မင်း၏ ရတနာ့လိုဏ်ဂူအတွင်းသို့ ဝိဇယအဘွားအေ ဝင်မိတာမျိုးလို' ကမ္ဘာတွင်အောင် ရာဇဝင်ထိုးစေမည်၊ ဤနေ့သည်ကား... မင်္ဂလာနေ့ပေတည်း၊ တစ်နှစ်နီးနီး 'နီးလျက်ဝေး' ပြီး ခွေးမသား ဟိုအကောင်အတွက် တစ်ရက်မျှမအေးရတာတွေဟာ ယနေ့ဖြင့် အေးရတော့မှာပါပေတကား... စိန်စိန်ရဲ့ မြင့်ဆောင်...ထီးမှာ မင့်မောင်ကြီးရှိတာကို သိလျက်နှင့် ကလိသက်သက်ခံချင်လို့ မသိဟန်အသွင်နှင့် ညဏ်ဆင်၍လာတာများလား လှလှကလေးရဲ့၊ အမယ်လေး အဟုတ်တကယ် လာတာပါကလား" စသည်ဖြင့် တွေးလေ၏။

ထိုအခိုက် ခြေသံသည် မိမိရှိနေသောအတွင်းခန်း အနီးသို့ကပ်လေရာ... မည်းမှောင်သော အရိပ်ရောင်သည် အတွင်းသို့မိုက်ခနဲရောက်လာပြီး တိုက်စောင်လိုလိုအရာတစ်ခုကို ခေါင်းမြီးခြုံလျက် ဝင်ရောက်လာလေ၏။ အခန်းမှာ သေးငယ်သော ပြတင်းပေါက်အနီးရှိ မဆိုစလောက် အလင်းရောင်မှတစ်ပါး မှောင်၍နေလေရာ တံခါးဝမှ မှေးမှိန်စွာ ဝင်သောအလင်းကို ဝင်လာသူ၏ ကိုယ်နှင့်ပိတ်ကာလိုက်သောအခါ သာလွန်မည်းမှောင်၍ သွားလေ၏။

mgyoe.com